ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ဒုတိယအကြိမ် အမျိုးသားလွှတ်တော် နဝမပုံမှန်အစည်းအဝေး**

ဒသမနေ့မှတ်တမ်း

**၁၃၈၀ ပြည့်နှစ်၊ ဝါခေါင်လဆန်း ၆ ရက်**

**( ၂၀၁၈ ခုနှစ်၊ ဩဂုတ်လ ၁၇ ရက် )**

**[ သောကြာနေ့ ]**

**အချိန်၊ ၁၀း၀၀။**

နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် နဝမပုံမှန်အစည်းအဝေး ဒသမနေ့ အစီအစဉ်ကို ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌအဖြစ် မန်းဝင်းခိုင်သန်း က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးလွင်ဦး၊ ညွှန်ကြားရေးမှူးချုပ် အမျိုးသားလွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း**

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် နဝမပုံမှန် အစည်းအဝေးရဲ့ ဒသမနေ့ အစီအစဉ် စတင်ပါတော့မယ်။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

**အချိန်၊ ၁၀း၀၁။**

**ဥက္ကဋ္ဌ။** ။ အားလုံး မင်္ဂလာပါ။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## အမျိုးသားလွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**အချိန်၊ ၁၀း၀၁။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ကျင်းပတဲ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် နဝမပုံမှန်အစည်းအဝေး ဒသမနေ့မှာ လွှတ်တော်အခွင့်အရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ကိုယ်စားလှယ်ဦးရေ စုစုပေါင်း (၂၂၃)ဦး ရှိပြီး ဒီကနေ့ အစည်းအဝေးကို (၁၉၀)ဦး တက်ရောက်ပါတယ်။

အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဦးရေ စုစုပေါင်းရဲ့ (၈၅.၂)ရာခိုင်နှုန်းရှိပြီး တက်ရောက်တဲ့ ကိုယ်စားလှယ်ဦးရေဟာ အစည်းအဝေးအထမြောက်ရန် လိုအပ်တဲ့ ကိုယ်စားလှယ်ဦးရေ သုံးပုံတစ်ပုံထက် ကျော်လွန်တဲ့အတွက် ၂၀၁၂ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၄၂ နဲ့ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၂၄ နဲ့ ၂၈ တို့အရ အစည်းအဝေး အထမြောက်ကြောင်းနဲ့ အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေး အစီအစဉ် ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**အချိန်၊ ၁၀း၀၂။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာနည်းဥပဒေ ၄ အရ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် နဝမပုံမှန်အစည်းအဝေးရဲ့ ဒသမနေ့ အစီအစဉ်ကို အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။ အဲဒီ အစီအစဉ်အတိုင်း ကျင်းပပါမယ်။

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**အချိန်၊ ၁၀း၀၃။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၄)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၁၊ နည်းဥပဒေခွဲ (က)အရ ခွင့်ပန်ကြားလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်ဟာ မိမိကိုယ်တိုင်သော်လည်းကောင်း၊ မိမိအတွက် အခြားလွှတ်တော် ကိုယ်စားလှယ်တစ်ဦးကသော်လည်းကောင်း ခွင့်ပန်ကြားရမှာ ဖြစ်ပါတယ်။

ဒီကနေ့ အစည်းအဝေး မတက်ရောက်နိုင်တဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ရှိလျှင် ခွင့်ပန်ကြားဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၀၃။**

**ဦးမြမင်းဆွေ၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)။** ။ လေးစားရပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ ကျင်းပပြုလုပ်တဲ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် နဝမပုံမှန်အစည်းအဝေး ဒသမနေ့ ၁၇-၈-၂၀၁၈ ရက်နေ့တွင် အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်း

မရှိသော အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များကိုယ်စား မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၉)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊ အမျိုးသားလွှတ်တော် လွှတ်တော်အခွင့်အရေး ကော်မတီ အဖွဲ့ဝင်ဖြစ်သူ ကျွန်တော် ဦးမြမင်းဆွေ က ခွင့်ပန်ကြားသွားမှာ ဖြစ်ပါတယ်။

ယနေ့ အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်းမရှိသော အမျိုးသားလွှတ်တော်ကိုယ်စားလှယ် များမှာ ဦးပူဂင်ကမ်းလျန်၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးလှဦး၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)၊ ကျန်းမာရေး။ ဦးတင်မောင်ဝင်း၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)၊ ကျန်းမာရေး။ ဦးသိမ်းဆွေ၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးဂျေယောဝူ၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)၊ ဒေသဖွံ့ဖြိုးရေး။ ဦးဝင်းအောင်၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးအောင်သိန်း၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးတက်ထွန်းအောင်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)၊ ဆေးကုသမှုခံယူရန်။ ဒေါ်သီရိရတနာ၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)၊ ရေဘေးကယ်ဆယ်ရေး။ ဒေါ်စန်းစန်းမြင့်၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)၊ ကိုယ်တိုင် ဆောင်ရွက်ရန်။ ဦးကျော်ထွေး၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးတင်ဝေ၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)၊ လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်း ခံရမှုများ ပြန်လည်စိစစ်ရေးကော်မတီ အစည်းအဝေးတက်ရောက်ရန်။ ဦးစခင်ဇော်လင်း၊ ဧရာဝတီ တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဒေါက်တာစန်းမောင်မောင်၊ ပဲခူးတိုင်း ဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)၊ ဖူဆယ်အားကစားပြိုင်ပွဲ တက်ရောက်ရန်။ ဒေါက်တာကျော်ငွေ၊ မကွေး တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)၊ ၎င်းအတိုင်း။ ဒေါက်တာကျော်သန်းထွန်း(ကန်တုန်)၊ မန္တလေးတိုင်း ဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)၊ ၎င်းအတိုင်း။ ဦးမိုင်းအုဏ်းခိုင်၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)၊ ၎င်းအတိုင်း။ ဦးမန်းထွန်းကြိုင်၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)၊ ၎င်းအတိုင်း။ ဦးဘမျိုးသိန်း၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးအေးဗိုလ်၊ ရန်ကုန်တိုင်း ဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဗိုလ်မှူးချုပ်ကျော်ကျော်စိုး၊ တပ်မတော်သား အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊ ယောက္ခမဖြစ်သူ၏နာရေး။ ဦးနိုင်ကိုကို၊ ကချင်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၁၂)၊ ကိုယ်တိုင်ဆောင်ရွက်ရန်နှင့် နော်လှလှစိုး၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)၊ ကိုယ်တိုင်ဆောင်ရွက်ရန်တို့ပဲ ဖြစ်ပါတယ်။

ယခင်က ခွင့်ပန်ကြားသဖြင့် လွှတ်တော်က ခွင့်ပြုထားသူ(၁၀)ဦးနှင့် ယနေ့ ခွင့်ပန်ကြားသူ (၂၃)ဦးဖြစ်ပြီး စုစုပေါင်း ခွင့်ပန်ကြားသူ(၃၃)ဦး ဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူ မရှိပါကြောင်းနှင့် ယနေ့ ခွင့်ပန်ကြားသူ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များကို လွှတ်တော်က ခွင့်အဖြစ် သတ်မှတ် ခွင့်ပြုပေးနိုင်ပါရန် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လွှတ်တော်သို့ လေးစားစွာဖြင့် တင်ပြ အပ်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၀း၀၅။**

**ဥက္ကဋ္ဌ**။　　　　။ ယခု ခွင့်ပန်ကြားချက်များကို ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်များကို လွှတ်တော်က ခွင့်ပြုကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**အချိန်၊ ၁၀း၀၅။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် န၀မပုံမှန်အစည်းအဝေး ဒသမနေ့ကို တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေမှာ (၂၂၃)ဦး၊ ယခင်က ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ(၁၀)ဦး၊ ယနေ့ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ(၂၃)ဦးဖြစ်၍ အမျိုးသားလွှတ်တော်က စုစုပေါင်း ခွင့်ပြုထားသူ(၃၃)ဦးဖြစ်ပြီး ခွင့်မဲ့ ပျက်ကွက်သူ မရှိပါ။

၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၁၊ နည်းဥပဒေခွဲ(ဂ)အရ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်ရဲ့ အတည်ပြုချက် ရယူပါမယ်။

အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ။** ။ လွှတ်တော်က အတည်ပြုတဲ့အတွက် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို အမျိုးသားလွှတ်တော်က အတည်ပြု မှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။(ဩဘာသံများ)

## ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို သက်ဆိုင်ရာ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က ဖြေကြားခြင်း

**အချိန်၊ ၁၀း၀၆။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၅) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ လွှတ်တော်သို့ လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းထားတဲ့ ကြယ်ပွင့်ပြထားတဲ့ မေးခွန်းတွေကို မေးမြန်းခြင်းနဲ့ ဖြေကြားခြင်း အစီအစဉ် ဆောင်ရွက်မှာ ဖြစ်ပါတယ်။

ယခု လွှတ်တော်ကိုယ်စားလှယ်သုံးဦး မေးမြန်းမည့် မေးခွန်းများဟာ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး တစ်ဦးတည်းက ဖြေကြားမည့် မေးခွန်းများ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များက သက်ဆိုင်ရာ မေးခွန်းတွေကို တစ်ဆက်တည်း မေးမြန်းပြီးမှ ပြည်ထောင်စုဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**တနင်္သာရီတိုင်းဒေသကြီး၊ ကော့သောင်းခရိုင် ပြည်သူ့ဆေးရုံကြီးအား အကြီးစားပြင်ဆင်မှုနှင့်အတူ ခုတင် (၁၀၀)ဆံ့မှ ခုတင် (၂၀၀)ဆံ့ ဆေးရုံကြီးအဖြစ် အဆင့်တိုးမြှင့် ပေးနိုင်ခြင်း ရှိ/မရှိ သိရှိလိုခြင်းနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၀၆။**

**ဥက္ကဋ္ဌ**။ ။ပထမဦးစွာ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)မှ ဒေါက်တာခင်မောင်ဝင်း က တနင်္သာရီတိုင်းဒေသကြီး၊ ကော့သောင်းခရိုင် ပြည်သူ့ဆေးရုံကြီးအား အကြီးစားပြင်ဆင်မှုနှင့်အတူ ခုတင် (၁၀၀)ဆံ့မှ ခုတင် (၂၀၀)ဆံ့ ဆေးရုံကြီးအဖြစ် အဆင့်တိုးမြှင့်ပေးနိုင်ခြင်း ရှိ/ မရှိ သိရှိလိုခြင်းနဲ့ စပ်လျဉ်းတဲ့မေးခွန်း မေးမြန်းဖို့ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၀၇။**

**ဒေါက်တာခင်မောင်ဝင်း၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)**။ ။ လေးစားအပ်သော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုဝန်ကြီးများ လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ တနင်္သာရီတိုင်းဒေသကြီး၊ ကော့သောင်းမြို့နယ်က အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာခင်မောင်ဝင်း ဖြစ်ပါတယ်။ ကျွန်တော် မေးမြန်းလိုတဲ့ မေးခွန်းကတော့ ကော့သောင်းခရိုင်၊ ကော့သောင်းမြို့နယ်မှာရှိတဲ့ ခရိုင်ဆေးရုံကြီးအား အကြီးစားပြင်ဆင် မွမ်းမံမှုများနှင့်အတူ ခုတင် (၁၀၀)ဆံ့ ဆေးရုံကြီးမှ ခုတင် (၂၀၀)ဆံ့ ဆေးရုံကြီးအဖြစ် အဆင့်တိုးမြှင့်ပေးနိုင်ခြင်း ရှိ/မရှိ သိရှိလိုခြင်းဖြစ်ပါတယ်။

လေးစားအပ်သော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကော့သောင်းခရိုင် ဆေးရုံကြီးကို လွန်ခဲ့တဲ့ နှစ်ပေါင်း(၂၀)ကျော်က တည်ဆောက်ခဲ့တဲ့ ဆေးရုံကြီးဖြစ်ပါတယ်။ ခိုင်ခံ့ကောင်းမွန်ပါတယ်။ အဆင့်မြင့်တဲ့ ဆေးရုံတစ်ခုဖြစ်ပါတယ်။ ဒါပေမဲ့ အခုအခါမှာတော့ ခေါင်မိုးရဲ့ အုတ်ကြွပ်တွေဟာ ကွဲအက်ပြိုကျ ပျက်စီးလာတဲ့ နေရာတွေရှိသလို မိုးယိုတဲ့ နေရာတွေလည်းရှိတယ်။ ဒါကြောင့် မျက်နှာကြက်ကျောက်ပြားတွေ နံရံတွေဟာ ပျက်စီးလာသလို ထုတ်၊ ယောက်တွေမှာရှိတဲ့ သံတန်းတွေကလည်း ပျက်စီးလာတယ်။ ရေပိုက်လိုင်းတချို့ကလည်း ပေါက်တယ်။ ဒါကြောင့် နံရံရဲ့ မျက်နှာကြက်များလည်း ပျက်စီးလာတယ်။ နောက် ကျွန်တော်တို့ ခွဲစိတ်ခွဲခန်းရဲ့ အပေါ်ထပ်မှာရှိတဲ့ အထူးလူနာခန်းက ရေချိုးခန်း၊ အိမ်သာကနေ ရေများယိုကျမှုဟာလည်း မကြာခဏပြန်ပြင်လည်း မရဘူး။ အသေအချာပြင်မှပဲရမယ်။ အဲဒါကလည်း ခွဲစိတ်ခွဲခန်းအတွက် အင်မတန်ကို ဒုက္ခရောက်နေပါတယ်။ နံရံများ ဆေးသုတ်ခြင်းနှင့် ရေယိုခြင်းများကို ပြင်ပေမယ့် အဆင်မပြေဘူး။ ဒါကြောင့် အသေအချာ စစ်ဆေးသုံးသပ်ပြီးတော့ အကြီးစားပြင်ဆင်မှု လိုအပ်ပါတယ်။ ထိုသို့ အကြီးစားပြင်ဆင် မွမ်းမံမယ်ဆိုရင် ဆေးရုံကြီးဟာ နောက်ထပ် အနည်းဆုံး နှစ်ပေါင်း(၂၀)မက အသုံးပြုလို့ ရပါလိမ့်မယ်။ ဒါ့အပြင် ဆေးရုံကြီးကို လာရောက်ကုသတဲ့ အတွင်းလူနာ၊ အပြင်လူနာတွေဟာ တိုးတက်များပြားလာတယ်။ နောက်ပြီးတော့ လက်ရှိအနေအထားမှာ လမ်းတွေကောင်းလာလို့ Cycle accident, Car accident တွေကလည်း များပြားလာသလို ခွဲစိတ်လူနာဆောင်နဲ့ ဆေးကုသဆောင်တို့မှာ အတွင်းလူနာများနှင့် အမြဲတမ်းပြည့်နေတာ တွေ့ရပါတယ်။ ကလေးကုသဆောင်နှင့် သားဖွားမီးယပ်ဆောင်တို့မှာလည်း

ရာသီတချို့မှာ ပြည့်လျှံနေတယ်။ ဒါကြောင့် ကျွန်တော်တို့ ခရိုင်ကလည်း ခရီးသွားလုပ်ငန်း ဖွံ့ဖြိုး လာတာနဲ့အမျှ နိုင်ငံခြားသား ခရီးသွားများကို အရေးပေါ် ကုသပေးရမယ့် ဆေးရုံကြီးဖြစ်နေပါတယ်။

နောက်တစ်ချက်ကလည်း ကျွန်တော်တို့ဟာ စိတ်ရောဂါ ဝေဒနာရှင်များကို ကုသရန်နှင့် မူးယစ်ဆေးဝါးစွဲနေတဲ့ လူနာတွေကို ကုသဖို့အတွက် စိတ်ရောဂါ အထူးကုဆရာဝန်ကြီးတစ်ဦးကလည်း မဖြစ်မနေလိုအပ်နေတဲ့ အနေအထားမှာရှိပါတယ်။ လက်ရှိအခြေအနေအရဆိုရင် ကျွန်တော်တို့ ဆေးရုံကြီးမှာ ဆိုရင် CT scan စက်ကြီး မကြာမီရောက်မယ်။ စက်ကိုထားဖို့ဟာလည်း ဆောက်ပြီးပြီ။ နောက် အထူးကုသမားတော်တွေ၊ ခွဲစိတ်ဆရာဝန်တွေ၊ သားဖွားမီးယပ်ပါရဂူ၊ ကလေးဆရာဝန်၊ မေ့ဆေးဆရာဝန်၊ အရိုးအထူးကုဆရာဝန်၊ ဓာတ်မှန်ပါရဂူအစုံ ကျွန်တော်တို့မှာ ရှိနေပါတယ်။ ဒါကြောင့် ဒီဆေးရုံကြီးကို ခုတင်(၂၀၀)အဖြစ် အဆင့်မြှင့်မည်ဆိုလျှင်လည်း သားဖွားမီးယပ်ကုသဆောင်အတွက် ကို ကျွန်တော်တို့ ဆေးရုံအဟောင်းပေါ့လေ။ လက်ရှိမှာဆိုရင် ပြည်သူ့ကျန်းမာရေးဌာနအဖြစ် အသုံးပြုထားတဲ့ အဲဒီနေရာမှာဆိုရင် သားဖွားမီးယပ်အဆောင်ကြီးတစ်ခု ရှိပါတယ်။ အဲဒီအဆောင်ကို အသုံးပြုမယ်ဆိုလည်း သုံးလို့ရတယ်။ ဒါကြောင့် ကျွန်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းလိုသည်မှာ ကော့သောင်းခရိုင် ပြည်သူ့ဆေးရုံကြီးအား အကြီးစားပြင်ဆင်မှုနှင့်အတူ ခုတင်(၁၀၀)ဆံ့ ဆေးရုံကြီးမှ ခုတင်(၂၀၀)ဆံ့ ခရိုင်ဆေးရုံကြီးအဖြစ် အဆင့်တိုးမြှင့်ပေးပါရန် အစီအစဉ် ရှိ/မရှိ သိရှိလို၍ ပြည်သူများကိုယ်စား မေးမြန်းအပ်ပါသည်ခင်ဗျား။

**တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်မြို့၊ ကန်ခေါင်းရပ်ကွက် ပြည်သူ့ဆေးရုံကြီး မိခင်နှင့်ကလေးကုသဆောင် တွင် အမှန်တကယ် လိုအပ်လျက်ရှိသော တိုးချဲ့လူနာ (၂)ထပ်ဆောင်တစ်ဆောင်ကို ၂၀၁၈-၂၀၁၉ ဘဏ္ဍာ နှစ်တွင် ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၁၁။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)မှ ဒေါက်တာ လင်းဝေဖြိုးလတ် က တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်မြို့၊ ကန်ခေါင်းရပ်ကွက် ပြည်သူ့ဆေးရုံကြီး မိခင်နှင့် ကလေးကုသဆောင်တွင် အမှန်တကယ် လိုအပ်လျက်ရှိသော တိုးချဲ့လူနာ (၂)ထပ်ဆောင် တစ်ဆောင် ကို ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၁။**

**ဒေါက်တာလင်းဝေဖြိုးလတ်၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)**။ ။ လေးစားအပ်ပါတဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စု ဝန်ကြီးနှင့် လွှတ်တော်ဝန်ထမ်းများအားလုံး မင်္ဂလာပါ။ ကျွန်တော်ကတော့ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာလင်းဝေဖြိုးလတ် ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်မြို့၊ ကန်ခေါင်း ရပ်ကွက်ရှိ မိခင်နှင့်ကလေး ကုသဆောင် ယခင် ဆေးရုံဟောင်းနေရာ ကလေးလူနာနှင့် သားဖွားမီးယပ် လူနာ တက်ရောက်မှုများတဲ့အတွက် လက်ရှိအဆောက်အအုံ ခုတင်အင်အားဖြင့် မလုံလောက်ဘဲနဲ့ ဆေးရုံ ဝရန်တာမှာပါ လူနာတွေကိုထားပြီးတော့ ကုသမှုပေးနေတာပါ။ အထူးသဖြင့် သွေးလွန်

တုပ်ကွေးရာသီနှင့် မိုးရာသီကာလတွေမှာ ကလေးလူနာအလွန်များပြီးတော့ အမှန်တကယ် ကုသပေးနိုင်တဲ့ အရေအတွက်ထက် လူနာများစွာကို ပိုမိုလက်ခံ ကုသမှုပေးနေရတယ်လို့ အခက်အခဲရှိတယ်ဆိုပြီးတော့ သိရပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ အခက်အခဲကို မြိတ်ခရိုင် ပြည်သူ့ဆေးရုံကြီးကနေပြီးတော့ ကုသရေးဦးစီးဌာနသို့ ၂၀၁၇ ခုနှစ်ကတည်းကနေပြီးတော့ ရည်ညွှန်းစာ ပေးပို့ထားပြီးဖြစ်တယ်လို့လဲ သိရပါတယ်။ ခုတင် (၂၀၀)ဖွဲ့စည်းပုံအရ မိခင်နှင့် ကလေးကုသဆောင်ဟာ ကလေးလူနာ(၄၀)နှင့် သားဖွားမီးယပ်လူနာ(၄၀)၊ စုစုပေါင်းလူနာ (၈၀)ခုတင်ဆံ့ ဆေးကုသဆောင်ဖြစ်ပြီးတော့ တကယ်လက်ရှိ ကလေးကုသဆောင်မှာ လူနာ ခုတင်(၁၂၀)လုံးနှင့် သားဖွားမီးယပ်ကုသဆောင်မှာ လူနာ ခုတင်(၆၁)လုံး၊ စုစုပေါင်း ခုတင်(၁၈၁)လုံးနှင့် ဆေးကုသမှုပေးနေရတယ်လို့ သိရပါတယ်။ သားဖွားမီးယပ်ကုသဆောင် ခွဲစိတ်ခန်းက လေသာဆောင်ကို ခွဲစိတ်ခန်းအဖြစ် ပြုပြင်ထားတယ်။ မွေးခန်းကလည်း ဆေးသိုလှောင်ခန်းကို ပြုပြင်အသုံးပြုထားတယ်။ ပြင်ပလူနာများ ကြည့်တဲ့အခန်းကလည်း ယခင် Guest House ကို အသုံးပြုထားတဲ့အတွက်ကြောင့် စံချိန်စံညွှန်းနဲ့ ကိုက်ညီတဲ့ ခွဲခန်း၊ မွေးခန်းနှင့် ကလေးတိုးချဲ့ဆောင်တို့ပါတဲ့ တိုးချဲ့နှစ်ထပ် လူနာဆောင်တစ်လုံး လိုအပ်လျက်ရှိကြောင်း သိရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အား Power Point အသုံးပြုခွင့်ပေးပါရန် ခွင့်တောင်းခံအပ်ပါတယ် ခင်ဗျား။ ဒီဟာကတော့ မိခင်နှင့်ကလေးကုသဆောင်၊ ယခင် ဆေးရုံဟောင်းပါ။ ၁၉၃၃ ခုနှစ် အင်္ဂလိပ်လက်ထက်ကတည်းကနေပြီးတော့ တည်ဆောက်ခဲ့တဲ့ ဆေးရုံဟောင်းဖြစ်ပါတယ်။ ဒီမှာ ကလေးကုသဆောင်ရဲ့ မြေနေရာကတော့ (၈.၆၀၅)ဧကရှိတယ်။ ယခု ဆေးရုံသစ်ကကျတော့ ရေပုန်းအရပ်မှာ ရှိပါတယ်။ အဲဒါကတော့ (၁၈.၃၅၂)ဧက ရှိပါတယ်ခင်ဗျား။ ကလေးကုသဆောင်မှာ လက်ရှိဝရန်တာရဲ့နေရာမှာ လူနာတွေကို ကုသမှုပေးနေရတာ ဖြစ်ပါတယ်။ ဒီလမ်းပေါ်က အတွင်းဘက်က ကလေးလူနာတွေ ပွတ်သိပ်နေတာကို ပြထားတာဖြစ်ပါတယ်။ ဒီဟာလည်း အဲလိုပါပဲ။ အတွင်းမှာရှိတဲ့ ကလေးလူနာတွေပါ။ ဒီဟာက ဆေးရုံဟောင်းရဲ့ မိခင်နှင့်ကလေး ဆေးရုံရဲ့ မြေနေရာပါ။ ဆေးရုံဆောက်မယ်ဆိုလို့ရှိရင် မြေနေရာလည်းပဲ လျာထားမည့်နေရာ ရှိပြီးသားဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ မြိတ်မြို့၊ ကန်ခေါင်းရပ်ကွက် ပြည်သူ့ဆေးရုံကြီး မိခင်နှင့် ကလေးကုသဆောင်တွင် လိုအပ်လျက်ရှိတဲ့ တိုးချဲ့နှစ်ထပ် လူနာဆောင်တစ်ဆောင်ကို လာမည့်ဘဏ္ဍာနှစ်မှာ ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ သို့မဟုတ်ပါကလည်း မည်သို့စီမံပေးမည်ကို သိရှိလိုပါသဖြင့် ဥက္ကဋ္ဌကြီးမှတစ်ဆင့် ပြည်ထောင်စုဝန်ကြီးသို့ လေးစားစွာ မေးမြန်းရခြင်း ဖြစ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

ကလေးကုသဆောင် အပြင်ဘက် ဝရန်တာရှိ လူနာများ မြင်ကွင်းပုံ (၃)



လက်ရှိတက်ရောက်ကုသနေသော ကလေးလူနာများ မြင်ကွင်းပုံ (၃-၁)



မိခင်နှင့်ကလေးဆေးရုံ မြင်ကွင်းပုံ (၃-၂)



**ကရင်ပြည်နယ်၊ လှိုင်းဘွဲ့မြို့၊ ဇွဲမာန် အားကစားကွင်းအတွက် ပွဲကြည့်စင်တစ်ခု၊ ခြံစည်းရိုးကာရံခြင်းနှင့် မြေထိန်းနံရံ ပြုလုပ်ခြင်းများ ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၁၅။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)မှ စောချစ်ဦး က ကရင်ပြည်နယ်၊ လှိုင်းဘွဲ့မြို့၊ ဇွဲမာန် အားကစားကွင်းအတွက် ပွဲကြည့်စင်တစ်ခု၊ ခြံစည်းရိုးကာရံခြင်းနှင့် မြေထိန်းနံရံပြုလုပ်ခြင်းများ ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၅။**

**ဦးစောချစ်ဦး၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုဝန်ကြီးများ လွှတ်တော်ကိုယ်စားလှယ်များ အားလုံး မင်္ဂလာပါ။ ကျွန်တော်ကတော့ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် စောချစ်ဦး ဖြစ်ပါတယ်။ ကျွန်တော်မေးတဲ့ မေးခွန်းကတော့ ကရင်ပြည်နယ်၊ လှိုင်းဘွဲ့ မြို့၊ ဇွဲမာန် အားကစားကွင်းအတွက် ပွဲကြည့်စင်၊ ခြံစည်းရိုး ကာရံခြင်း၊ မြေထိန်းနံရံ ပြုလုပ်ခြင်း ဆောင်ရွက်ရန် အစီအစဉ် ရှိ/မရှိနဲ့ ပတ်သက်တဲ့ မေးခွန်းဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ လှိုင်းဘွဲ့မြို့ ဇွဲမာန်အားကစားကွင်းဟာ လွန်ခဲ့သော နှစ်ပေါင်း ၁၉၉၀ ပြည့်နှစ်က လူဦးရေ (၃)သိန်းလောက်ရှိတဲ့ မြို့နယ်အတွက် ကျန်းမာရေးနှင့် အားကစားဖွံ့ဖြိုးတိုးတက်ရေး သာမက ထူးချွန်ထက်မြက်သော အားကစားသမားများ ပေါ်ထွက်လာရေးအတွက် ရည်ရွယ်ပြီး အားကစားကွင်းတစ်ခု ဖော်ဆောင်ခဲ့ပါတယ်။ နှစ်စဉ်နှစ်တိုင်း ကျေးရွာအုပ်စု ဘောလုံးပြိုင်ပွဲများ ကျောင်းသားအားကစားပြိုင်ပွဲများ ကျင်းပခဲ့တဲ့ ကွင်းလည်းဖြစ်ပါတယ်။ ပြည်နယ်ဂုဏ်ဆောင် အားကစား သမားများကိုလည်း မွေးထုတ်ပေးခဲ့တဲ့ ကွင်းဖြစ်ပါတယ်။ ၂၀၁၆ ခုနှစ်၊ မြန်မာ တစ်နိုင်ငံလုံးရှိ ဒီဇင်ဘာ လူထုအားကစားလှုပ်ရှားမှုမှာ အတက်ကြွဆုံးမြို့နယ် ဒုတိယဆုရရှိခဲ့တဲ့ မြို့လည်းဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်ကို Power Point ပြခွင့် ပြုပါခင်ဗျား။ ဒါက ကျွန်တော်တို့ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်မှာ ကျွန်တော်တို့ ကျပ်သိန်း(၉၀၀)ဖြင့် ဆောင်ရွက်ထားတဲ့ ဘောလုံးကွင်း ဖြစ်ပါတယ်။ ဒါက ကျွန်တော်တို့ အခုလက်ရှိ အနေအထားဖြစ်ပါတယ်။ ဒါက ကျွန်တော်တို့ လက်ရှိ အဆင့်မြင့် အဆင့်မီအားကစားကွင်းဖြစ်ပေမယ့်လည်း ကျွန်တော်တို့ တောင်းမှာအကွပ် လူမှာအဝတ် ဆိုသလို ကျွန်တော်တို့ ပွဲကြည့်စင် အရမ်းလိုအပ်ပါတယ်။ အခု ကျွန်တော်ပြတဲ့ ပွဲကြည့်စင်ဟာဆိုရင် ၁၉၉၄ ခုနှစ်မှာက သစ်သားပွဲကြည့်စင် ဒါ သဘာဝဘေးဒဏ်ကြောင့်ရော ပျက်စီးသွားတဲ့ အနေအထား ဖြစ်ပါတယ်။ ဒါက ကျွန်တော်တို့ မြို့ရဲ့ ရပ်မိရပ်ဖရဲ့ ဦးဆောင်၊ ဆောင်ရွက်ပြီးလုပ်ထားတဲ့ ယာယီ ပွဲကြည့်စင်ကို ကျွန်တော်တို့ ၂၇-၄-၂၀၁၈ ရက်နေ့ လေပြင်းမုန်တိုင်းကြောင့် ထပ်မံပြိုကျတဲ့ အနေအထားဖြစ်ပါတယ်။ ဒါတွေအောက်က ကျွန်တော်တို့ ပြေးလမ်းရဲ့ ပတ်လမ်းအနောက်မှာ ရှိတဲ့ ဒါ ကျွန်တော်တို့ မြေထိန်းနံရံ နှစ်စဉ်ကျွန်တော်တို့ သဘာဝရေကြီးတဲ့ အနေအထားနဲ့ ပြိုကျတဲ့ အနေအထားဖြစ်ပါတယ်။ ဒါကို ကျွန်တော်တို့ မြေထိန်းနံရံတစ်ခု ထားဖို့လိုအပ်ပါတယ်။ ပြီးတော့ ကျွန်တော်တို့ အားကစားကွင်းရဲ့ တောင်ဘက်ခြမ်းနဲ့ အနောက်ဘက်ခြမ်းဟာဆိုရင် ကျွန်တော်တို့

ခြံစည်းရိုး မရှိသေးပါဘူး။ ခြံစည်းရိုးမရှိသေးတာကြောင့် ကွင်းဟာ အခုလက်ရှိ အဆင့်မီတဲ့ အားကစားကွင်းဖြစ်ပေမယ့်လည်း ကျွန်တော်တို့ ကျွဲ၊ နွား တိရစ္ဆာန်တွေ အန္တရာယ်ကနေ ကာကွယ်ဖို့အတွက်ကို ဒါ ကျွန်တော်တို့ ခြံစည်းရိုးတစ်ခုလိုအပ်ပါတယ်။ ဒါက ကျွန်တော်တို့ မြို့နယ်မှာရှိတဲ့ ကလေးတွေ၊ လူငယ်တွေ အားကစားလုပ်ဆောင်မှုဖြစ်ပါတယ်။ ဒါက ကျွန်တော်တို့ နှစ်စဉ်နှစ်တိုင်း ပွဲလမ်းသဘင် ကျင်းပတဲ့အချိန်မှာ ပြိုင်ပွဲကျင်းပတဲ့ကွင်း ဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

နောက် နယ်စပ်ဒေသက ဖြစ်သည်နှင့်အညီ ကျွန်တော်တို့ မူးယစ်ဆေးဝါးပေါများတဲ့ နယ်စပ်ဒေသမှာ လူငယ်များရဲ့ အခုလိုအားကစားဘက်မှာ စိတ်ပါဝင်စားပြီး မူးယစ်ဆေးဝါးအန္တရာယ် ကင်းဝေးစေရန် တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ပြီး အဆင့်မီအရည်အသွေးရှိသော ထူးချွန်ထက်မြက် အောင်မြင်သည့် အားကစားသမားများ ပေါ်ထွန်းလာရေးအတွက် လှိုင်းဘွဲ့မြို့နယ်၊ ဇွဲမာန်အားကစား ကွင်းအတွက် ပွဲကြည့်စင်ခြံစည်းရိုး ကာရံခြင်း၊ မြေထိန်းနံရံ ပြုလုပ်ရန်ဆောင်ရွက်ရန် ရှိ/မရှိကို အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးက တစ်ဆင့်မေးမြန်းရခြင်း ဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

ဘောလုံးကွင်း မတည်ဆောက်စဉ် မြင်ကွင်းပုံ (ပ)



ပွဲကြည့်စင် မြင်ကွင်းပုံ (ပ-၁)



ဘောလုံးကွင်းပြေးလမ်း (ပတ်လမ်းအနောက်ဘက်)မြေထိန်းနံရံပြိုကျနေသည့်မြင်ကွင်းပုံ (ပ-၂)





**အချိန်၊ ၁၀း၁၈။**

**ဥက္ကဋ္ဌ။** ။ မေးခွန်းများနဲ့ပတ်သက်ပြီး ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၁၉။**

**ဒေါက်တာမြင့်ထွေး(ပြည်ထောင်စုဝန်ကြီး၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အားလုံး ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်းနှင့် ပြည့်စုံပါစေကြောင်း ပထမဆုမွန်ကောင်း တောင်းပါတယ်။ ကျွန်တော်ကတော့ ကျန်မာရေးနှင့် အားကစားဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဖြစ်ပါတယ်။

ပထမမေးခွန်းဖြစ်တဲ့ တနင်္သာရီတိုင်းဒေသကြီး အမှတ်(၁၁)မဲဆန္ဒနယ်မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာခင်မောင်ဝင်း ရဲ့ မေးခွန်းဖြစ်တဲ့ တနင်္သာရီတိုင်းဒေသကြီး၊ ကော့သောင်းခရိုင်၊ ကော့သောင်းမြို့နယ်မှာရှိတဲ့ ပြည်သူ့ဆေးရုံကြီးကို အကြီးစား ပြင်ဆင်မှုနှင့်အတူ ခုတင် (၁၀၀) ဆံ့မှ ခုတင် (၂၀၀) ဆံ့ အဖြစ် အဆင့်တိုးခြင်း ပေးနိုင်၊ မပေးနိုင် ဆိုတဲ့ကိစ္စနှင့် ပတ်သက်ပြီး ဖြေကြားမှာ ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ကော့သောင်းဒေသမှာ ကြည့်တဲ့အခါ ခုတင် (၁၀၀)ဆံ့ ဆေးရုံတစ်ရုံ ရှိပါတယ်။ (၁၆) ခုတင်ဆံ့တိုက်နယ်ဆေးရုံ (၄)ရုံရှိပါတယ်။ စုစုပေါင်း ဆေးရုံ(၅)ရုံနဲ့ လူ(၁၃၀၅၀၀)ဦးခန့်ကို ကျန်းမာရေးကုသမှု ဝန်ဆောင်မှုပေးလျက်ရှိပါတယ်။ ဒီ ခုတင်(၁၀၀)ဆံ့ကနေ ခုတင်(၂၀၀)ဆံ့ တိုးသင့်၊ မတိုးသင့်ဆိုတော့ ၂၀၁၃ ခုနှစ်ကနေ ၂၀၁၇ ခုနှစ်အထိရှိတဲ့ စာရင်းဇယားကို ကျွန်တော် ပြန်ကြည့်တဲ့အခါမှာ တစ်နေ့ကို ပျမ်းမျှဆေးရုံတက်တဲ့ လူနာဦးရေဟာ ၂၀၁၃ ခုနှစ်ကနေ ၂၀၁၇ ခုနှစ်အထိ (၅၀)ယောက်၊ (၆၁)ယောက်၊ (၆၉)ယောက်၊ (၉၉)ယောက်၊ (၇၉)ယောက်ပဲရှိပါတယ်။ ခုတင်ကလည်း (၁၀၀)ဆံ့ဖြစ်တဲ့အတွက် ရာခိုင်နှုန်းအားဖြင့်လည်း (၅၀)ယောက်၊ (၆၁)ယောက်၊ (၆၉)ယောက်၊ (၉၉)ယောက်၊ (၇၉)ယောက်ပဲရှိပါတယ်။ ကျွန်တော်တို့က ခုတင်(၁၀၀)ဆံ့ကနေ ခုတင်(၂၀၀)ဆံ့ တိုးမယ်ဆိုရင် ကျွန်တော်တို့ရဲ့ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနရဲ့ အစည်းအဝေး

ဆုံးဖြတ်ချက် (၄/၂၀၁၆)အရ အနည်းဆုံး ခုတင်အသုံးပြုနှုန်းက (၁၅၀)ရှိရမယ်။ ခုတင် (၁၀၀)ရှိတဲ့ ဆေးရုံမှာ အနည်းဆုံး (၁၅၀)ရှိမှသာလျှင် ကျွန်တော်တို့က တိုးခြင်းဖြစ်ပါတယ်။

အခုက (၁၀၀)တောင်မရောက်ပါဘူး။ သို့သော် ကျွန်တော်တို့ ခုတင်(၁၀၀)ကနေပြီး ပြန်ကြည့်တဲ့အခါမှာ သူ့မှာ အထူးကုက (၉)မျိုးရှိရပါတယ်။ (၉)မျိုးမှာ ကော့သောင်းဆေးရုံမှာ ကျွန်တော်တို့ (၈)မျိုးရှိပါတယ်။ (၈)မျိုးရှိတဲ့အပြင် သူက Specialist ခေါ်တဲ့ လက်ထောက်ဆရာဝန် သို့သော်လည်း သူတို့မှာ ဘွဲ့လွန်ရှိတဲ့ ဆရာဝန်ရှိပါတယ်။ အဲဒီမှာ ခွဲစိတ်ဘွဲ့လွန်ပါရှိတဲ့ ဆရာဝန် သားဖွား၊ မီးယပ်၊ ကလေး၊ မေ့ဆေး၊ ဓာတ်မှန် အဲ့ဒါ(၅)ယောက်ရှိပါတယ်။ ထို့အပြင် သူ့ထက်တစ်ဆင့် မြင့်တဲ့ Junior Consultant လို့ခေါ်ပါတယ်။ အထူးကုဆရာဝန် (၃)ယောက်ရှိပါတယ်။ သူတို့ကတော့ ဆေးပညာရယ်၊ အရိုးနဲ့သွားမှာ သုံးယောက်ရှိပါတယ်။ ဆရာဝန်ဦးရေနဲ့ မဆိုးသော်ငြားလည်း ကျွန်တော် တို့မှာ အထူးကုဆရာဝန် အနေနဲ့ကတော့ ထပ်ဖြည့်ဖို့ လိုပါတယ်။ အထူးကုဆရာဝန်ကတော့ ကလေး၊ မေ့ဆေး၊ ခွဲစိတ်၊ ဓာတ်မှန်၊ ရောဂါဗေဒ ကျွန်တော်တို့ ထပ်ပြီးလုပ်ပေးပါ့မယ်ခင်ဗျား။

ဒီနေရာမှာ တစ်ခုကြည့်တဲ့အခါမှာ ခုတင် (၁၀၀)ကနေ ခုတင်(၂၀၀)ကို တိုးမယ်ဆိုရင် ကျွန်တော်တို့ လောလောဆယ် ခုတင်(၁၀၀) ရှိတဲ့ ဆေးရုံမှာတော့ ကျွန်တော် လူမဖြည့်နိုင်သေးပါဘူး။ ခုတင် (၁၀၀) ဆေးရုံမှာဆိုရင် ဝန်ထမ်းအားဖြင့် (၂၀၁)ဦး ရှိရပါမယ်။ အခု ကော့သောင်းဆေးရုံမှာ (၁၀၁) ယောက်ပဲရှိပါတယ်။ အကယ်၍ ခုတင်(၂၀၀)သာပေးမယ်ဆိုရင် ကျွန်တော်တို့ (၅၉၄)ယောက် ဝန်ထမ်းဖြည့်တဲ့အပြင် အထူးကုဘာသာရပ်ပေါင်း (၁၇)မျိုးမှာ ကျွန်တော်တို့ ပေးကိုပေးရမှာပါ။ ဒါလည်း ကျွန်တော်တို့ကတော့ လောလောဆယ်ကတော့ ပေးနိုင်ခြင်းလည်း မရှိပါဘူး။ နောက်တစ်ခုက ပေးမယ်ဆိုရင်တောင် သူရဲ့လိုအပ်ချက်အရတော့ ပေးလို့မရသေးပါဘူး။ သို့သော်လည်းဒီနေရာမှာ ကျွန်တော်တို့ရဲ့ အခြားလိုအပ်နေတဲ့ ဒီ Junior Consultant ပေါ့လေ။ အထူးကုဆရာဝန် ကျွန်တော်တို့ ကြိုးစားပေးပါမယ်။

ထို့အပြင် ဒီမှာ လွှတ်တော်ကိုယ်စားလှယ်ကြီး ပြောတဲ့အတိုင်း စိတ်ရောဂါကုပေါ့။ မူးယစ် ဆေးတွေ၊ ဘာတွေကုဖို့အတွက် စိတ်ရောဂါကု ဆရာဝန်ကြီးကတော့ ကျွန်တော့်အနေနဲ့ကတော့ ဝန်ကြီးချုပ်နဲ့လည်း ပြီးခဲ့တဲ့ ဆယ်ရက်လောက်ကတွေ့တော့ ဝန်ကြီးချုပ်ကလည်း ကျွန်တော်တို့ကို ပေးဖို့ပြောတဲ့အတွက် ကျွန်တော်တို့ ဒါကို(၁)ရက်၊ (၂)ရက်အတွင်း ကျွန်တော်တို့ လူလည်းတွေ့ပါပြီ။ အမိန့်ထုတ်ပေးပါမယ်။ အဲဒီတော့ စိတ်ရောဂါဆရာဝန် Specialist တစ်ယောက် ကျွန်တော်တို့ လာမှာဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်ကြီးပြောတဲ့အတိုင်း မှန်တော့မှန်ပါတယ်။ ကော့သောင်း ဆေးရုံဟာ တော်တော်လည်းဝေးတယ်။ မြိတ်ဆေးရုံနဲ့လည်း ဝေးတယ်။ ထားဝယ်ဆေးရုံနဲ့လည်း ဝေးတယ်။ ပြည်သူတွေက ရနောင်းလည်းသွားရတယ်။ ဝန်ကြီးချုပ်ကြီးကိုယ်တိုင်လည်း ပြောပါတယ်။ ကျွန်တော်တို့ ဆေးရုံက တိုင်းပြည်အတွက်က Image ပေါ့လေ။ မကောင်းလို့ရှိရင် မကောင်းပါဘူး။ အဲဒီတော့ ကောင်းအောင်လုပ်ပေးဆိုတော့ ကျွန်တော်တို့ ဒါ CT Scan နဲ့ ကျွန်တော်တို့ ဆောက်ဖို့ လည်း ဆောက်နေပါပြီ။ အဲဒီတော့ CT Scan က လောလောဆယ်မရှိဘူး ဖြစ်တဲ့အတွက် အဆောက်အဦ ပြီးတာနဲ့ ကျွန်တော်တို့က ရန်ကုန်မှာရှိတဲ့ ဆေးရုံတစ်ရုံကိုပေးဖို့ ရည်ရွယ်ထားတဲ့ CT Scan ကို ကျွန်တော်တို့ ကော့သောင်းကို ပို့ပေးပါမယ်။

လာမယ့်အပတ်မှာလည်း CT Scan ဝယ်ထားတဲ့ ကုမ္ပဏီက သွားပြီးတော့ Site Selection တွေပါအကုန်လုံးလာကြည့်ပြီးတော့ ဆက်လက်ပြီးတော့ ဆောင်ရွက်သွားမယ်။ သူတို့ဆောက်နေတာကို သူတို့ သွားကြည့်မယ်။ လိုအပ်ချက် ထုကဘယ်လောက်၊ ဘာညာ(၈)လက်မ အဲဒါတွေကို အကုန်လုံး လာကြည့်ပေးမယ်။ CT Scan ကတော့ အဆောက်အဦပြီးတာတဲ့ ကျွန်တော်တို့ CT Scan ကို ရမှ လုပ်ပေးပါမယ်။ Radio Logic လည်းရှိတဲ့အတွက် ကျွန်တော်တို့ အရမ်းအဆင်ပြေပါတယ်။ နောက်တစ်ခုက ဒီမှာလိုအပ်တဲ့ Specialist တွေ ကျွန်တော်က ပေးတော့ပေးချင်ပါတယ်။ ဒါပေမဲ့ အထူးကု ဆရာဝန်တစ်ယောက်ထွက်ဖို့ဆိုတာ အနည်းဆုံးသင်တန်းက (၂)နှစ်ကြာပါတယ်။ (၂)နှစ် တချို့က (၃)နှစ်ကြာတယ်။ ပြီးရင် ကျွန်တော်တို့က သင်တန်းအောင်ပြီးတာနဲ့ ချက်ချင်းနယ်မပို့ပါဘူး။ ဆေးရုံကြီးတွေမှာ အနည်းဆုံး(၂)နှစ်လောက် Attach လုပ်ပြီးမှ ကျွန်တော်က ပို့ခြင်းဖြစ်ပါတယ်။ ကျွန်တော်တို့ အစိုးရ တက်တာ အခုမှ နှစ်နှစ်ခွဲပဲ ရှိပါသေးတယ်။ နှစ်နှစ်ခွဲ (၂၀၁၆)မှာ စထုတ်တဲ့ ဆရာဝန်တောင် အခုမှ အောင်ခါနီး သို့မဟုတ် အောင်ပြီးတဲ့သူတွေလည်းရှိမယ်။ အဲဒီတော့ ခဏလေးတော့ စောင့်ရပါမယ်။ သို့သော်　အရင်ကတက်ထားတဲ့ အောင်တဲ့သူတွေရှိရင်တော့ ကျွန်တော်တို့ ဒါကိုတော့ ဦးစားပေး စဉ်းစားမယ်။ ဦးစားပေး စဉ်းစားတယ်ဆိုတာလည်း လူနာနည်းသော်ငြားလည်း ထိုင်းနိုင်ငံနဲ့ နယ်စပ်မှာ ကပ်နေတဲ့အတွက် ကျွန်တော်တို့နိုင်ငံရဲ့ သိက္ခာ၊ ဂုဏ်ကိုမူတည်ပြီးတော့ ကျွန်တော် တတ်နိုင်သမျှ Specialist ဖြည့်ပေးမယ်။ ကျန်တဲ့ ဆေးရုံပစ္စည်းကိရိယာတွေကတော့ အားလုံး ရှိတယ်လို့ ကျွန်တော်သိရှိရပါတယ်ခင်ဗျား။

နောက်တစ်ချက်ကတော့ ပြင်ဆင်စရိတ်အနေနဲ့ကတော့ ကျွန်တော်တို့ ပြန်လည်သုံးသပ်တဲ့အခါမှာ ၂၀၁၅-၂၀၁၆ ခုနှစ်တုန်းက ပြင်ဆင်စရိတ်အနေနဲ့ ကျပ်၆၉.၅၀၀)သန်းပေးပါတယ်။ ၂၀၁၆-၂၀၁၇ ခုနှစ်ကျတော့ ကျပ်(၄.၈၁၁)သန်းပေးပြီးတော့ ဆေးရုံအနေနဲ့က ၂၀၁၇-၂၀၁၈ ခုနှစ်မှာ ပြင်ဆင်စရိတ် လုံးဝတောင်းခံခြင်း မရှိပါဘူး။ အဲဒီတော့ ပြင်ဆင်စရိတ် သူတို့ လုံးဝမရပါဘူးခင်ဗျား။ အဲဒါကြောင့် အခု ၂၀၁၈-၂၀၁၉ ခုနှစ်မှာကျတော့ ပြင်ဆင်စရိတ်၊ သံပန်းတပ်ဆင်ခြင်း၊ ရင်ခွဲရုံ အုတ်စီခြင်း၊ အထွေထွေပြင်ဆင်ခြင်း၊ ဆေးသုတ်ခြင်းတို့ကို ကျွန်တော်တို့ ပြန်ကြည့်တဲ့အခါမှာ ဆောက်လုပ်ရေးအတွက် ခန့်မှန်းတွက်ချက်မှုပုံစံက သူ့ပုံစံနဲ့ တင်ပြခြင်းမရှိဘူး။ လုပ်ငန်းကိုလည်း ပုတ်ပြတ်သဘောနဲ့ တောင်းခံတယ်။ ဆောင်ရွက်ရမည့် အချိန်ကာလကလည်း (၆)လအတွင်းမှာ မပြီးနိုင်တဲ့အတွက် ပြီးနိုင်တဲ့လုပ်ငန်းကို လုပ်ဖို့အတွက် ကျွန်တော် ကျပ်(၁၂၅.၀၂၀)သန်းကို ကျွန်တော်တို့က (၆)လမှာ ရန်ပုံငွေခွဲချလို့ မရပါဘူး။ ပိုက်ဆံတော့ လျာထားတယ်။ သို့သော် တင်ပြချက်တွေက မှားနေတဲ့အတွက် ပိုက်ဆံက ချလို့မရပါဘူး။

အဲ့ဒါကြောင့် ကျွန်တော်က ၂၀၁၈-၂၀၁၉ ခုနှစ်မှာတော့ ဒါကို စီစဉ်ပေးပါမယ်။ လွှတ်တော်ကိုယ်စားလှယ်ကြီးပြောတဲ့ မြေပြင်အခြေအနေများကို စိစစ်ပြီးတော့ လိုအပ်ချက်အရ ဆောင်ရွက်ပေးမှာ ဖြစ်ပါတယ်။ နောက်တစ်ချက်က ၂၀၁၈-၂၀၁၉ ခုနှစ်မှာပဲ ကျွန်တော်တို့က (၆)ခန်းတွဲ (၃)ထပ် ဝန်ထမ်းအိမ်ရာ(၁)လုံး၊ တန်ဖိုးကျပ် (၆၄၀)သန်းနဲ့လည်း တည်ဆောက်ပေးလျက်ရှိပါတယ်။ ထို့အပြင် ၂၀၁၈-၂၀၁၉ ခုနှစ်မှာပဲ ထပ်ပြီးတော့ (၄)ခန်းတွဲ(၄)ထပ် ဝန်ထမ်းအိမ်ရာ (၁)လုံးကိုလည်း တန်ဖိုးအားဖြင့် ကျပ်(၅၆၈)သန်းနဲ့ ဆောက်လုပ်ဖို့ ကျွန်တော်တို့ လျာထားပြီးဖြစ်ကြောင်း ကျွန်တော်လေးစားစွာ ဖြေကြားအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

ဒုတိယမေးခွန်းကို ဆက်ဖြေပါမယ်။ ကျွန်တော်တို့ CT Scan တစ်လုံးက ကျပ်သိန်း(၈၀၀၀) လောက်ကျပါတယ်။ တစ်လုံးတစ်လုံးကို ကျပ်သိန်း(၈၀၀၀)ကနေ ကျပ်သိန်း(၉၀၀၀)အတွင်းပါ။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော့်အနေနဲ့ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာလင်းဝေဖြိုးလတ် ၏ မေးခွန်းဖြစ်တဲ့ မြိတ်ဆေးရုံကြီး မိခင်နှင့်ကလေး ကုသဆောင်တွင် အမှန်တကယ် လိုအပ်လျက်ရှိသော (၂)ထပ်ကုသဆောင် တစ်ဆောင်အား ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်မှာ ဆောက်လုပ်ပေးရန် အစီအစဉ်ရှိ/မရှိနဲ့ ပတ်သက်၍ ကျွန်တော် ဖြေကြားမှာဖြစ်ပါတယ်။ အဲဒီတော့ မြိတ်ဆေးရုံကြီးဟာ လူနာဆောင်အဟောင်းနေရာ ရှိပါတယ်။ ဆေးရုံအဟောင်းနေရာ၊ အသစ်နေရာရှိပါတယ်။ အသစ်နေရာက (၂၈)ဧက ရှိပါတယ်။ အဟောင်းနေရာကတော့ သူက သိပ်မကျယ်ပါဘူး။ ဧရိယာ။ အဟောင်းနေရာမှာ အခုကျန်ခဲ့တာက မိခင်နှင့်ကလေး ဆေးရုံ သို့မဟုတ် ကုသဆောင် ကျန်ခဲ့ပါတယ်။ အဲဒီတော့ ကျွန်တော်တို့ အသစ်နေရာက တော်တော်ကောင်းပါတယ်။ (၂၈)ဧကလည်းဖြစ်ပြီး နေရာလည်းကောင်းတယ်။ ဘေးနားကအိမ်တွေကလည်း ကောင်းတယ်။ အဟောင်းနေရာမှာ ဘေးနားက ကျူးကျော်တော့မဟုတ်ဘူးပေါ့။ အိမ်တွေက အရမ်းကျပ်ညှပ်နေတဲ့အခါကျတော့ အဟောင်းမှာဆက်ဆောက်ဖို့က မသင့်လျော်ပါဘူး။ အသစ်မှာပဲ အားလုံးကို ဆောက်လိုက်ရင် မြေလည်းရှိပါတယ်။ အသစ်မှာပဲဆောက်ဖို့ ကျွန်တော်က ရည်ရွယ်ထားပါတယ်။

ရည်ရွယ်ထားတဲ့အခါကျတော့ လောလောဆယ် မူလဆေးရုံအဟောင်း နေရာမှာကျန်တဲ့ မိခင်နှင့်ကလေးကိုတော့ ကျွန်တော်တို့က ဆက်လက်ထားမယ်။ ပြောင်းရွှေ့အသစ်မှာ ကျွန်တော်တို့ ဆောက်မယ်။ ဆောက်တဲ့အခါမှာ ကျွန်တော်တို့ပထမဆုံးဆောက်မယ်ဆိုရင် အခြေခံအဆောက်အဦ တွေကို ဖြည့်ဆည်းပေးတာ များတာဖြစ်တဲ့အတွက် ၂၀၁၇-၂၀၁၈ ခုနှစ် ဘတ်ဂျက်တိုးချဲ့မှာ ကျွန်တော်တို့က နှစ်ထပ်လူနာဆောင်နဲ့ (၈)ခန်းတွဲလေးထပ်အိမ်ကို ကျွန်တော်တို့ ဆောက်ပေးထားပါတယ်။ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်၊ အောက်တိုဘာကနေ နောက်နှစ် စက်တင်ဘာမှာတော့ လေးခန်းတွဲ (၄)ထပ် ဝန်ထမ်းအိမ်ရာကိုတော့ စီစဉ်ဆောင်ရွက်ပေးဖို့ ရှိပါတယ်။

အခုလွှတ်တော်ကိုယ်စားလှယ်ကြီးပြောတဲ့ တိုးချဲ့နှစ်ထပ် လူနာဆောင်ဆောက်လုပ်ရေး လုပ်ငန်းမှာလည်း ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်မှာ ဆောက်နေတာပြီးတော့မှာပါ။ နှစ်ထပ်ဆောင်က။ အဲဒီတော့ နောက်ထပ် သုံးထပ်ဆောင်ကိုလည်း ကျွန်တော်တို့ ဆက်ဆောက်ဖို့ စီစဉ်နေပါတယ်။ ဒီနေရာမှာ ပြန်ကြည့်တဲ့အခါမှာ မြိတ်ဆေးရုံကြီးကို ကြည့်တဲ့အခါမှာ ကျွန်တော်တို့က ၂၀၁၇-၂၀၁၈ ခုနှစ် (၆)လဘတ်ဂျက် နောက် ၂၀၁၈-၂၀၁၉ ခုနှစ် ဘတ်ဂျက်မှာ စုစုပေါင်း ကျပ်သန်းပေါင်း (၂၀၀၀)ပေးထားပါတယ်။ ဥပမာဆိုလို့ရှိရင် ဆေးရုံအသစ်ကြီးနေရာမှာ ရေပုန်းရပ်ကွက်မှာရှိတဲ့ အသစ်ကြီးနေရာမှာ တိုးချဲ့နှစ်ထပ်လူနာဆောင်အတွက်ကို ကျွန်တော်တို့က ကျပ်သန်းပေါင်း (၆၅၉)သန်း ပေးပါတယ်။ နောက် အသစ်ရေပုံးရပ်ကွက်မှာပဲ (၈)ခန်းတွဲလေးထပ် ဝန်ထမ်းအိမ်ရာအတွက်ကို ကျပ်သန်းပေါင်း (၉၁၅)သန်း ပေးထားပါတယ်။ ပြည်သူ့ဆေးရုံအသစ် ရေပုန်းရပ်ကွက်မှာ လေးခန်းတွဲ လေးထပ်ဝန်ထမ်းအိမ်ရာအတွက်ကိုလည်း ကျွန်တော်တို့ ခန့်မှန်းတန်ဖိုး ကျပ်သန်းပေါင်း(၄၀၄)သန်း ပေးထားပါတယ်။ အဲဒီတော့ ပထမနှစ်ခု တိုးချဲ့နှစ်ထပ်ဆောင်နှင့် (၈)ခန်းတွဲ လေးထပ်က အခု ဆောင်ရွက်ဆဲ ဆောက်နေပါတယ်။

လုပ်ငန်းအသစ်အနေနဲ့ကတော့ အခုအသစ်မှာ (၄)ခန်းတွဲလေးထပ်ကို ကျွန်တော်တို့ ကျပ်သန်းပေါင်း(၄၀၄)သန်းနဲ့ လုပ်ငန်းအသစ်ကို ဆောက်ဖို့ရှိပါတယ်။ ကျွန်တော်တို့ ပြန်ကြည့်တဲ့ အခါမှာလည်း မြေပုံတွေကို သေချာပြန်ကြည့်ပါတယ်။ ပြန်ကြည့်တဲ့အခါမှာလည်း အသစ်နေရာမှာပင် ဆောက်ခြင်းသည် အလွန်ကောင်းပါတယ်။ နေရာလည်းကျယ်ပါတယ် အားလုံး။ အဟောင်းမှာတော့ အရမ်းကျဉ်းတဲ့အပြင် အဟောင်းဆေးရုံဝန်းထဲမှာ ရှိတာက ပြည်သူ့ကျန်းမာရေး၊ ခရိုင်ပြည်သူ့ကျန်းမာရေး၊ မြို့နယ် ကျန်းမာရေးဦးစီးဌာနမှူးရုံးတွေ ရှိပါတယ်။ ရုံးဆိုတာက ငှက်ဖျား၊ သွေးလွန်တုပ်ကွေးကအစ ကလေး၊ မိခင် အကုန်လုံးရှိပါတယ်။ အဟောင်းနေရာမှာတော့ ကျွန်တော်တို့က ပြည်သူ့ကျန်းမာရေးကိုလုပ်ပြီးတော့ အသစ်ကိုကျတော့ နောက်ထပ်သုံးထပ်ဆောင် ဆောက်လိုက်လို့ရှိရင် မိခင်၊ ကလေးလည်း အကုန်အဆင်ပြေသွားမှာဖြစ်တဲ့အတွက် ကျွန်တော် အသစ်မှာပဲ ဆောက်ဖို့ရှိပါတယ်။

လွှတ်တော်ကိုယ်စားလှယ်ကြီးတင်ပြတဲ့ အခြေအနေက မှန်ပါတယ်။ တော်တော်လေး ကျပ်နေပါတယ်။ ကျပ်ခဲနေပါတယ်။ မိခင်နှင့်ကလေးက ဒါ လုံးဝမဖြစ်သင့်ပါဘူး။ မဖြစ်သင့်ဘူးဆိုတာက ရောဂါအထူးကူးနိုင်ပါတယ်။ ကလေးအငယ်တွေက၊ ဒါကို ကျွန်တော်တို့ သိတဲ့အတွက် သေချာစီစဉ်ဆောင်ရွက်ပေးပါမယ်။ ဒီကိစ္စနှင့်ပတ်သက်ပြီး ကျွန်တော်တစ်ခုတင်ပြချင်တာက ကျွန်တော်တို့ အဲဒီလို လွှတ်တော်ကိုယ်စားလှယ်ကြီးကကျေးလက်ကျန်းမာရေးဌာနကနေ (၁၆)ခုတင်၊ (၁၆)ခုတင်ကနေ (၂၅) ခုတင်၊ (၂၅)ခုတင်ကနေ ခုတင်(၅၀)၊ ခုတင်(၅၀)ကနေ ခုတင်(၁၀၀)၊ ခုတင်(၂၀၀)တိုးတဲ့အခါမှာ လွှတ်တော်ကိုယ်စားလှယ်ကြီးက မေးမြန်းတာကိုလည်း သက်သာအောင်ဆိုပြီးတော့ ကျွန်တော် တိုင်းဒေသကြီးနဲ့ ပြည်နယ်ဦးစီးမှူးအားလုံးကို ဩဂုတ် ၃ ရက်နေ့က စာထုတ်လိုက်ပါတယ်။ မိမိတို့ တိုင်းဒေသကြီးနှင့် ပြည်နယ်အတွင်းမှာရှိတဲ့ ဆေးရုံတွေကို အဆင့်တိုးသင့်၊ မတိုးသင့် ကျွန်တော်တို့ ကြည့်လိုက်တဲ့အခါ အဲဒါနဲ့ သုံးသပ်ပြီးတော့ တိုးသင့်တယ်ဆိုရင် ဦးစားပေးနဲ့ ကျွန်တော်တို့ကို တင်ပြ၊ တင်ပြရင် ကျွန်တော် တိုင်းဒေသကြီးနဲ့ ပြည်နယ်အားလုံးကဟာကို ပြန်ပြီး ဦးစားပေးလုပ်ပြီးတဲ့ အခါကျတော့ နောက်နှစ် ၂၀၁၉-၂၀၂၀ ဘတ်ဂျက်မှာစပြီးတော့ သူ့ဟာနဲ့သူ ထည့်သွားလို့ရှိရင် လွှတ်တော်ကိုယ်စားလှယ်ကြီးက သိပ်ပြီးတော့ တောင်းစရာမလိုတော့ပါဘူး ထင်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော့်အနေနဲ့ ကရင်ပြည်နယ်၊ အမှတ်(၃)မဲဆန္ဒနယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးစောချစ်ဦး ၏ မေးခွန်းဖြစ်တဲ့ ကရင်ပြည်နယ်၊ လှိုင်းဘွဲ့မြို့၊ ဇွဲမာန်အားကစားကွင်းအတွက် ပွဲကြည့်စင်တစ်ခု၊ ခြံစည်းရိုးကာရံခြင်း၊ မြေထိန်းနံရံပြုလုပ်ခြင်းများ အစီအစဉ် ရှိ/မရှိနဲ့ ပတ်သက်၍ ကျွန်တော် ဖြေကြားမှာဖြစ်ပါတယ်။ ကျွန်တော် ကရင်ပြည်နယ်၊ လှိုင်းဘွဲ့မှာရှိတဲ့ ဇွဲမာန်အားကစားကွင်းနဲ့ပတ်သက်ပြီး ကျွန်တော် ပြန်လည်သုံးသပ်တဲ့အခါမှာ သူ့မှာ မီတာ(၄၀၀)ပြေးလမ်းပါ အဆင့်မီဘောလုံးကွင်းဆောက်ဖို့အတွက်ကို ၂၀၁၇-၂၀၁၈ ခုနှစ်က ကရင်ပြည်နယ်အစိုးရ ခွင့်ပြုရန်ပုံငွေနဲ့ ကျပ်သန်း(၉၀)ရပြီးတော့ ကျွန်တော်တို့ ဧပြီ ၂၀၁၇ ခုနှစ်မှာ တင်ဒါခေါ်ပြီးတော့ အောင်မြင်တဲ့ ကုမ္ပဏီကို ဇူလိုင်မှာပေးတဲ့အခါမှာ ၃၁-၃-၂၀၁၈ ရက်နေ့မှာ ပြီးသွားပါပြီ။ ဒီပြေးလမ်းတွေ အားလုံးက။ အဲဒီတော့ ကျွန်တော့်အနေနဲ့ ဇွဲမာန်အားကစားကွင်းကို ပြန်ကြည့်တဲ့အခါမှာ သူ့အနေနဲ့က အပြင်ခြံစည်းရိုး (၂၇၀၀)ပေအတွက် လုပ်ငန်းကိုလည်းကောင်း၊ အတွင်းခြံစည်းရိုး (၁၈၀၀)ပေ

လုပ်ငန်းကိုလည်းကောင်း ပြည်နယ်ဘတ်ဂျက်က ထည့်ပြီးတောင်းခံတဲ့အခါမှာ သူတို့ပြည်နယ်ငွေစာရင်းဦးစီးဌာနက ဒါ ခွဲဝေချထားခြင်း မရှိပါဘူး။ ၂၀၁၈-၂၀၁၉ ခုနှစ်မှာ မပါ ပါဘူး။ မပါတဲ့ခါကျတော့ ၂၀၁၉-၂၀၂၀ ခုနှစ်မှာ ကျွန်တော်လည်း အလားတူထပ်ပြီးတော့ ပွဲကြည့်စင် ဆောက်တာရယ်၊ ခြံစည်းရိုး ကာတာရယ်၊ မြေထိန်းနံရံကို ကျွန်တော်တို့ ပြည်နယ်မှာ ထည့်ကြည့်မယ်။

သို့သော်လည်း အကယ်၍ ထည့်ကြည့်လို့မရဘူးဆိုလို့ရှိရင် ကျွန်တော့်အနေနဲ့ ပြည်ထောင်စုဘတ်ဂျက်ပေါ့။ ကျွန်တော်တို့ရှိတဲ့ ဘတ်ဂျက်ကနေပြီးတော့ အသင့်အတင့်တော့ ပေးပါမယ်။ ဘာကြောင့်ပေးမယ်လို့ ပြောရလဲဆိုတာကတော့ ၂၀၁၈-၂၀၁၉ ခုနှစ်ဘတ်ဂျက်မှာ ကျွန်တော်တို့က အားကစားအပိုင်းမှာ တစ်နှစ်တစ်နှစ်ကို ဘီလီယံကျပ်(၂၀)ကနေ (၂၂) ဘီလီယံကျပ်ပဲ ရပါတယ်။ ၂၀၁၈-၂၀၁၉ ခုနှစ်မှာကျတော့ (၂၂) ဘီလီယံကျပ်အပြင် ကျန်းမာရေးကနေ ဖဲ့ပြီးတော့ ကျွန်တော်တို့က (၂၅)ဘီလီယံကျပ်လောက် ထပ်တိုးပေးထားပါတယ်။ သူတို့အနေနဲ့က (၄၈)ဘီလီယံကျပ်လောက်ရသွားပါတယ်။ အဲဒီတော့ ဒီဟာက ဘာကြောင့်ထည့်ပေးရသလဲဆိုတော့ အခုနက လွှတ်တော်ကိုယ်စားလှယ်ကြီးပြောတဲ့အတိုင်း အားကစားကွင်းတွေ ပြင်ရမယ်။ မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာ အဲဒါတွေကို ကျွန်တော်တို့ ပြင်မယ်။ နောက်ဘောလုံး ကွင်းဆိုရင်တော့ ဘောလုံးနဲ့လုပ်မယ်။ ဘောလုံးပေးမယ်။ ဘတ်စကတ်ဘော အဲဒါတွေကို လုပ်ဖို့ဖြစ်ပါတယ်။ လာမယ့်နှစ်မှာ ကျွန်တော်တို့ ဒါကိုအဖြစ်နိုင်ဆုံး စဉ်းစားပြီးတော့ လုပ်ပေးပါမယ်။ ပထမတော့ ပြည်နယ်မှာ ထည့်ကြည့်ပါမယ်။ ပြည်နယ်ကရာခိုင်နှုန်း(၁၀၀) မပေးရင်လည်း ကျွန်တော်တို့ ကျန်တဲ့ငွေစွာကို ကျွန်တော်တို့က ပြည်ထောင်စုကနေပြီးတော့ ဖြည့်စွက်ပေးမှာဖြစ်ကြောင်း လေးစားစွာ ဖြေကြားအပ်ပါတယ်။ ကျေးဇူးအများကြီးတင်ပါတယ်။

**အချိန်၊ ၁၀း၃၂။**

**ဥက္ကဋ္ဌ။** ။ မေးခွန်းလာရောက် ဖြေကြားပေးတဲ့ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး မိမိအစီအစဉ် ပြီးဆုံးလျှင် ပြန်လည်ထွက်ခွာနိုင်ပါတယ်။

**အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူး သို့မဟုတ် ကော်မတီက တာဝန်ပေးအပ်သော ကော်မတီဝင်က ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော တောင်သူလယ်သမား အခွင့်အရေး ကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ပြန်လည်ဖတ်ကြား ရှင်းလင်းခြင်း**

**အချိန်၊ ၁၀း၃၂။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၆)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီးပေးပို့လာသော တောင်သူလယ်သမား အခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ကော်မတီက ပြန်လည်ဖတ်ကြား ရှင်းလင်းဖို့ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၃၃။**

**ဒေါက်တာမျိုးအောင်(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်များ အားလုံးမင်္ဂလာပါလို့ ဦးစွာပထမ နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဝင် ဒေါက်တာမျိုးအောင် ဖြစ်ပါတယ်ခင်ဗျား။ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီရဲ့တာဝန်ပေးချက်အရ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ တောင်သူလယ်သမား အခွင့်အရေး ကာကွယ်ရေးနှင့် အကျိုးစီးပွား မြှင့်တင်ရေးဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းအပေါ် စိစစ်တင်ပြခြင်း အစီရင်ခံစာကို ဖတ်ကြားသွားမှာဖြစ်ပါတယ်။

လေးစားအပ်ပါတဲ့ ဥက္ကဋ္ဌကြီး ခင်ဗျား။

**အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ၏**
**တောင်သူလယ်သမား အခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေး ဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်း အပေါ် စိစစ်တင်ပြခြင်းအစီရင်ခံစာ**

စာအမှတ်၊ ၁/ အမ(ကော်မတီ-၁) ၁/၂၀၁၈-၄၃၂

ရက်စွဲ၊ ၂၀၁၈ ခုနှစ် ၊ ဩဂုတ်လ ၂ ရက်

၁။ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီသည် တောင်သူလယ်သမား အခွင့်အရေး ကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေး ဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းကို ၆ - ၆ - ၂၀၁၈ ရက်နေ့ အမျိုးသားလွှတ်တော် အစည်းအဝေးတွင် အစီရင်ခံစာ တင်သွင်းခဲ့ပါသည်။ ယင်းဥပဒေကြမ်းနှင့်စပ်လျဉ်း၍ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များဖြစ်ကြသော ဒေါက်တာခွန်ဝင်းသောင်း၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)၊ ဦးကြည်ဝင်း၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)၊ ဦးလှဆန်း၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)၊ ဦးအောင်မျိုး၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)၊ နော်ခရစ္စထွန်း(ခ)ဒေါက်တာအားကာမိုး၊ ကရင်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၇)၊ ဦးစိုးဝင်း၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)နှင့် ဦးစိုးသိန်း(ခ)ဦးမောင်စိုး၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)တို့မှ စုစုပေါင်း လွှတ်တော်ကိုယ်စားလှယ်(၇)ဦးတို့က ၁၈ - ၆ - ၂၀၁၈ ရက်နေ့တွင် အမျိုးသားလွှတ်တော်အစည်းအဝေး၌ အကြံပြုဆွေးနွေးခဲ့ကြပါသည်။ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီသည် အကြံပြုဆွေးနွေးခဲ့ကြသည့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၊ အမျိုးသားလွှတ်တော် တောင်သူလယ်သမားရေးရာကော်မတီ၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီတို့မှ ကိုယ်စားလှယ်များ၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ပြည်ထောင်စု ရှေ့နေချုပ်ရုံးတို့မှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ပြည်ထောင်စုလွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ် သုံးသပ်ရေး ကော်မရှင်မှ ပညာရှင်များနှင့် ၂၄ - ၇ - ၂၀၁၈ ရက်နေ့နှင့် ၂၅ - ၇ - ၂၀၁၈ ရက်နေ့တို့တွင် ဥပဒေကြမ်းကော်မတီ အစည်းအဝေးခန်းမ၌ စုပေါင်းဆွေးနွေး ညှိနှိုင်းခဲ့ကြပါသည်။

**ကော်မတီ၏လေ့လာတွေ့ရှိချက်များမှာ**

၂။ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် တောင်သူလယ်သမား အခွင့်အရေး ကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေး ဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းကို လေ့လာစိစစ်ရာတွင် အကြံပြုဆွေးနွေးခဲ့သည့် လွှတ်တော်ကိုယ်စားလှယ်များက တောင်သူလယ်သမားများ အနေဖြင့် လယ်ယာမြေလုပ်ပိုင်ခွင့် လုံခြုံစိတ်ချရန်၊ တောင်သူလယ်သမားအသင်းအဖွဲ့နှင့် အစည်း အရုံးများကို ဥပဒေနှင့်အညီ ဖွဲ့စည်း၍ တောင်သူလယ်သမား အခွင့်အရေးကာကွယ်ရေးနှင့် အကျိုး စီးပွားမြှင့်တင်ရေးလုပ်ငန်းများကို စနစ်တကျ ဆောင်ရွက်နိုင်ရန်အတွက် တောင်သူလယ်သမားအဖွဲ့ အစည်းဆိုင်ရာ ဥပဒေတစ်ရပ် ပေါ်ပေါက်လာစေရန်နှင့် ဥပဒေရေးထုံး မှန်ကန်မှုရှိစေရန် အကြံပြု ဆွေးနွေးခဲ့ကြသည်ကို လေ့လာတွေ့ရှိရပါသည်။

၃။ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီအနေဖြင့် အကြံပြုဆွေးနွေးခဲ့သည့် လွှတ်တော် ကိုယ်စားလှယ်များနှင့် ညှိနှိုင်းသဘောတူညီချက်များအရ ပြင်ဆင်ဖြည့်စွက်သင့်သည်များကို ပြင်ဆင် ဖြည့်စွက်ခဲ့ပြီးဖြစ်ပါကြောင်းနှင့် ပြင်ဆင်ချက်အပြည့်အစုံကို နောက်ဆက်တွဲ ကန့်လန့်ဖြတ်ဇယားဖြင့် ပူးတွဲတင်ပြအပ်ပါသည်။

**ကော်မတီ၏ သဘောထားမှတ်ချက်မှာ**

၄။ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးကြည်ဝင်း ၏ အကြံပြုဆွေးနွေးချက်များအနက်မှ မူလဥပဒေပုဒ်မ ၃၊ ပုဒ်မခွဲ(စ)အဖြစ် ပြင်ဆင် ဖြည့်စွက်ရန် အကြံပြုဆွေးနွေးချက်သည် လယ်ယာမြေကို နိုင်ငံပိုင်အဖြစ် သိမ်းဆည်း၍ ပြန်လည် ဝေခြမ်းပေးရန်ဖြစ်ကြောင်း လေ့လာတွေ့ရှိရပါသည်။ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ အနေဖြင့် ဤလုပ်ငန်းစဉ်သည် ခေတ်စနစ်နှင့် လျော်ညီမှုမရှိခြင်း၊ ဈေးကွက်စီးပွားရေးစံနှုန်းများနှင့် ညီညွတ်မှုမရှိခြင်းတို့ကြောင့် ပြင်ဆင်ဖြည့်စွက်ရန် လိုအပ်ခြင်းမရှိကြောင်း သဘောထားရရှိခဲ့ပါသည်။

၅။ သို့ဖြစ်ပါ၍ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီသည် တောင်သူလယ်သမား အခွင့်အရေး ကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းအပေါ် အကြံပြုဆွေးနွေးခဲ့သည့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၊ အမျိုးသား လွှတ်တော် တောင်သူလယ်သမားရေးရာကော်မတီ၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဖွံ့ဖြိုး တိုးတက်ရေးကော်မတီတို့မှ ကိုယ်စားလှယ်များ၊ သက်ဆိုင်ရာဝန်ကြီးဌာန၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး တို့မှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ပြည်ထောင်စုလွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာ ဆန်းစစ်သုံးသပ်ရေးကော်မရှင်မှ ပညာရှင်များနှင့် အသေးစိတ်ညှိနှိုင်း ဆွေးနွေးခဲ့ပြီး ဖြစ်ပါသဖြင့် ဥပဒေကြမ်းကော်မတီက မူလတင်ပြထားသည့် ပြင်ဆင်ချက်များနှင့် ယခုထပ်မံတင်ပြသည့် ပြင်ဆင် ချက်များအတိုင်း အမျိုးသားလွှတ်တော်က အတည်ပြု ဆောင်ရွက်နိုင်ပါရန်နှင့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးကြည်ဝင်း ၏ မူလဥပဒေပုဒ်မ ၃၊ ပုဒ်မခွဲ(စ) ပြင်ဆင်အကြံပြုချက်ကို လွှတ်တော် အဆုံးအဖြတ် ရယူဆောင်ရွက်သင့်ပါကြောင်း အစီရင်ခံ တင်ပြအပ်ပါသည်။

အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ

အားလုံးကိုကျေးဇူးတင်ပါသည်။

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီးပေးပို့လာသော တောင်သူလယ်သမား အခွင့်အရေး ကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းအား အတည်ပြုရန် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း**

**အချိန်၊ ၁၀း၄၀။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၇)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီးပေးပို့လာသော တောင်သူလယ်သမား အခွင့်အရေး ကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းအား လွှတ်တော်၏ အဆုံးအဖြတ် ရယူ၍ အတည်ပြု ဆောင်ရွက်မှာဖြစ်ပါတယ်။

ဥပဒေကြမ်းကော်မတီက ပြင်ဆင်ချက်ရှိသော အပိုဒ်၊ အပိုဒ်ခွဲများကို တစ်ပိုဒ်ချင်းစီအလိုက် တင်ပြဖို့ ဖြစ်ပါတယ်။

**ဒေါက်တာမြတ်ဉာဏစိုး(အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်ချက်ဖြစ်တဲ့ ဥပဒေကြမ်းရဲ့ -

အပိုဒ် ၂ ကို လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူတဲ့သူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် ပြင်ဆင်ချက် အတည်ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၂ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။

**ဒေါက်တာမြတ်ဉာဏစိုး(အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ ဥက္ကဋ္ဌကြီးခင်ဗျား။ ဥပဒေကြမ်းရဲ့ -

အပိုဒ် ၃ မှာ ဖော်ပြထားတဲ့ ပုဒ်မ ၃(စ)ကိုတော့ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၁၂)က ဦးကြည်ဝင်း က သဘောမတူကြောင်း တင်ပြထားပါတယ်။ ဒီအတွက်ကြောင့်မို့လို့ ဒီအချက်ကိုတော့ လွှတ်တော်ရဲ့ အဆုံးအဖြတ် ရယူဆောင်ရွက်ပေးနိုင်ပါရန် တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဥပဒေကြမ်းကော်မတီရဲ့ တင်ပြချက်ကို သဘောမတူတဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးကြည်ဝင်း၊ ဧရာဝတီတိုင်း ဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂) ရှိတဲ့အတွက် ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ

၁၉၊ နည်းဥပဒေခွဲ(တ)၊ နည်းဥပဒေခွဲငယ်(၁) အရ စက်ခလုတ် အသုံးပြု၍ လျှို့ဝှက်စွာ ဆန္ဒပြုသည့် နည်းလမ်းဖြင့် လွှတ်တော်ရဲ့ ဆန္ဒရယူ ဆောင်ရွက်မှာ ဖြစ်ပါတယ်။

ဒါ့ကြောင့် ဥပဒေကြမ်းကော်မတီ၏ တင်ပြချက်ကို သဘောတူတဲ့ လွှတ်တော်ကိုယ်စားလှယ်များက အစိမ်းရောင် အပေါင်း(+) သင်္ကေတကိုနှိပ်၍ ထောက်ခံမဲပေးရန်ဖြစ်ပြီး သဘောမတူတဲ့ လွှတ်တော်ကိုယ်စားလှယ်များက အနီရောင် အနုတ် (-) သင်္ကေတကို နှိပ်၍ ကန့်ကွက်မဲပေးရန် ဖြစ်ပါတယ်။

ဥပဒေ အတည်ပြုပြီးပြီ ခင်ဗျားတို့။ ဒါ ခွင့်မပြုပါဘူး။ ခွင့်မပြုပါဘူး ကိုယ်စားလှယ်ကြီး။ ဒီမှာ ကျွန်တော်တို့ လွှတ်တော်ရဲ့ အဆုံးအဖြတ် ရယူမှာပါ။

ဥပဒေကြမ်းကော်မတီရဲ့ တင်ပြချက်ကိုမူတည်ပြီး စက်ခလုတ်အသုံးပြု၍ မဲခွဲဆုံးဖြတ်မှာ ဖြစ်တဲ့အတွက် ထောက်ခံမဲများလျှင် ဥပဒေကြမ်းကော်မတီရဲ့ တင်ပြချက်အတိုင်း အတည်ပြုမှာဖြစ်ပြီး ကန့်ကွက်မဲများလျှင် ဦးကြည်ဝင်း၏ တင်ပြချက်အတိုင်း အတည်ပြုမှာ ဖြစ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ယခု လွှတ်တော်ရဲ့ ဆန္ဒရယူပါမယ်။

ဆန္ဒမဲပေးကြဖို့ အသင့်ရှိစေလိုပါတယ်။

ဆန္ဒမဲပေးနိုင်ကြပါပြီ။

ထောက်ခံဆန္ဒမဲ ( ၁၁၂ ) မဲ၊ ကန့်ကွက်မဲ ( ၃၁ ) မဲ၊ ကြားနေမဲ ( ၈ )မဲ ဖြစ်ပါတယ်။

ထောက်ခံမဲ များတဲ့အတွက် ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်ချက်သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်သည်။

**ဒေါက်တာမြတ်ဉာဏစိုး(အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ ဥပဒေကြမ်းရဲ့ -

အပိုဒ် ၃ ခြေဆင်း၊ အပိုဒ် ၃ မှာ ဖော်ပြထားတဲ့ ပုဒ်မ ၃(ဆ)၊ အပိုဒ် ၄၊ အပိုဒ် ၅ မှာ ဖော်ပြထားတဲ့ ပုဒ်မ ၄-က၊ အပိုဒ် ၆၊ အပိုဒ် ၇ ရဲ့ခြေဆင်း၊ အပိုဒ် ၇ မှာ ဖော်ပြထားတဲ့ ပုဒ်မ ၅(ဠ)၊ အပိုဒ် ၈၊ အပိုဒ် ၁၀ မှာ ဖော်ပြထားတဲ့ ပုဒ်မ ၇၊ အပိုဒ်ခွဲ (က) ပြင်ဆင်ဖြည့်စွက်ချက်များကို လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဒီ ပြင်ဆင်ဖြည့်စွက်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူတဲ့သူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် ပြင်ဆင်ဖြည့်စွက်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ဖြည့်စွက်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၃ ခြေဆင်း၊ အပိုဒ် ၃ တွင် ဖော်ပြထားသည့် ပုဒ်မ ၃(ဆ)၊ အပိုဒ် ၄၊ အပိုဒ် ၅ တွင် ဖော်ပြထားသည့် ပုဒ်မ ၄(က)၊ အပိုဒ် ၆ ၊ အပိုဒ် ၇ ခြေဆင်း၊ အပိုဒ် ၇ တွင် ဖော်ပြထားသည့် ပုဒ်မ ၅(ဠ)၊ အပိုဒ် ၈၊ အပိုဒ် ၁၀ တွင် ဖော်ပြထားသည့် ပုဒ်မ ၇(က) သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်သည်။

**ဒေါက်တာမြတ်ဉာဏစိုး(အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ ဥက္ကဋ္ဌကြီးခင်ဗျား။ ဆက်လက်ပြီးတဲ့အခါမှာ ဥပဒေကြမ်းရဲ့ -

အပိုဒ် ၁၂၊ အပိုဒ် ၁၃၊ အပိုဒ် ၁၅ မှာ ဖော်ပြထားတဲ့ ပုဒ်မ ၉(စ)၊ အပိုဒ် ၁၇၊ အပိုဒ် ၁၉၊ အပိုဒ် ၂၀ မှာ ဖော်ပြထားတဲ့ ပုဒ်မ ၂၀၊ ပုဒ်မခွဲ(က) ပြင်ဆင်ဖြည့်စွက်ချက်များကို လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဒီ ပြင်ဆင်ဖြည့်စွက်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူတဲ့သူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် ပြင်ဆင်ဖြည့်စွက်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ဖြည့်စွက်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၁၂၊ အပိုဒ် ၁၃၊ အပိုဒ် ၁၅ တွင် ဖော်ပြထားသည့် ပုဒ်မ ၉(စ)၊ အပိုဒ် ၁၇၊ အပိုဒ် ၁၉၊ အပိုဒ် ၂၀ တွင် ဖော်ပြထားသည့် ပုဒ်မ ၂၀(က)သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။

**ဒေါက်တာမြတ်ဉာဏစိုး(အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ ဥက္ကဋ္ဌကြီးခင်ဗျား။ ဥပဒေကြမ်းရဲ့ -

အပိုဒ် ၂၁ ရဲ့ခြေဆင်း၊ အပိုဒ် ၂၁ မှာ ဖော်ပြထားတဲ့ ပုဒ်မ ၂၀၊ ပုဒ်မခွဲ (စ)၊ အပိုဒ် ၂၂ မှာ ဖော်ပြထားတဲ့ ပုဒ်မ ၂၀၊ ပုဒ်မခွဲ (ဆ)၊ အပိုဒ် ၂၃ မှာ ဖော်ပြထားတဲ့ ပုဒ်မ ၂၅ ပြင်ဆင်ချက်များကိုလည်း လွှတ်တော်က ဆက်လက် အတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူတဲ့သူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၂၁ ခြေဆင်း၊ အပိုဒ် ၂၁ တွင် ဖော်ပြထားသည့် ပုဒ်မ၂၀(စ)၊ အပိုဒ် ၂၂ တွင် ဖော်ပြထားသည့် ပုဒ်မ ၂၀(ဆ)၊ အပိုဒ် ၂၃ တွင် ဖော်ပြထားသည့် ပုဒ်မ ၂၅ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။

**ဒေါက်တာမြတ်ဉာဏစိုး(အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်နဲ့ အတည်ပြုထားတဲ့ အပိုဒ် ၁၀ မှာ ဖော်ပြထားတဲ့ ပုဒ်မ ၈၊ ပုဒ်မ ခွဲ(က)ကိုတော့ အဆိုပြု ပြဋ္ဌာန်းချက်အတိုင်း အတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဒီ တင်ပြချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူတဲ့သူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် ဥပဒေကြမ်းကော်မတီ၏ တင်ပြချက်အတိုင်း အတည် ဖြစ်သည်။

**ဒေါက်တာမြတ်ဉာဏစိုး(အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ အမျိုးသားလွှတ်တော် အစည်းအဝေးကြီးကနေပြီးတော့ ပြင်ဆင်ချက်တွေနဲ့ အတည်ပြုလိုက်တဲ့ အပိုဒ်၊ အပိုဒ်ခွဲတွေမှအပဖြစ်တဲ့ ကျန်အပိုဒ်၊ အပိုဒ်ခွဲတွေကိုတော့ ပြည်သူ့လွှတ်တော်ရဲ့ အတည်ပြုချက် အတိုင်း ဆက်လက်အတည်ပြုပေးနိုင်ပါရန် လေးစားစွာ တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဒီ တင်ပြချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူတဲ့သူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် ဥပဒေကြမ်းကော်မတီ၏ တင်ပြချက်အတိုင်း အတည် ဖြစ်သည်။

**အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူး သို့မဟုတ် ကော်မတီက တာဝန်ပေးအပ်သော ကော်မတီဝင်က ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ် ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ပြန်လည်ဖတ်ကြား ရှင်းလင်းခြင်း**

**အချိန်၊ ၁၀း၄၉။**

**ဥက္ကဋ္ဌ။**　　။ အစီအစဉ်(၈)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ် ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ကော်မတီက ပြန်လည်ဖတ်ကြား ရှင်းလင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၅၀။**

**ဒေါ်လှဌေး(ခ)ဒေါ်အုန်းကြည်(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)။**　　။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များအားလုံးကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက် ဂါရဝပြုပါတယ်ရှင်။ ကျွန်မကတော့ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၄)က အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဥပဒေကြမ်းကော်မတီအဖွဲ့ဝင် ဒေါ်အုန်းကြည် ဖြစ်ပါတယ်ရှင်။ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီရဲ့ တာဝန်ပေးချက်အရ အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ် ဥပဒေကြမ်းအပေါ် စိစစ်တင်ပြခြင်း အစီရင်ခံစာကို ဖတ်ကြား တင်သွင်းသွားမှာ ဖြစ်ပါတယ်။

**အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ၏**
**အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ် ဥပဒေကြမ်းအပေါ်**
**စိစစ်တင်ပြခြင်းအစီရင်ခံစာ**

စာအမှတ်၊ ၁/အမ (ကော်မတီ-၁)၁/၂၀၁၈ - ၄၆၁

ရက်စွဲ ၊ ၂၀၁၈ ခုနှစ် ၊ ဩဂုတ် လ ၉ ရက်

၁။　　အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ် ဥပဒေကြမ်းကို ၁၈ - ၆ - ၂၀၁၈ ရက်နေ့ အမျိုးသားလွှတ်တော် အစည်းအဝေးတွင် အစီရင်ခံစာ တင်သွင်းခဲ့ပါသည်။ ယင်းဥပဒေကြမ်းနှင့် စပ်လျဉ်း၍ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဝင်းမြင့်၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)၊ ဦးကျော်နိုင်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)၊ ဦးတင်အောင်ထွန်း၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)၊ ဦးကိုကိုနိုင်၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)တို့က ၃၀ - ၇ - ၂၀၁၈ ရက်နေ့တွင် အကြံပြု ဆွေးနွေးခဲ့ပါသည်။ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် အကြံပြုဆွေးနွေးခဲ့ကြသည့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးတို့မှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ပြည်ထောင်စုလွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်မှ ပညာရှင်တို့နှင့် ၃၁ - ၇ - ၂၀၁၈ ရက်နေ့တွင် ဆွေးနွေးညှိနှိုင်းခဲ့ပါသည်။

**လေ့လာတွေ့ရှိချက်**

၂။ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓ သာသနာပြုတက္ကသိုလ် ဥပဒေကြမ်းကို လေ့လာစိစစ်ရာတွင် အကြံပြုဆွေးနွေးခဲ့သည့် အမျိုးသား လွှတ်တော်ကိုယ်စားလှယ်များက အဓိပ္ပာယ်ပိုမိုပြည့်စုံမှု ရှိစေရန်အတွက် အကြံပြုဆွေးနွေးခဲ့ကြခြင်း ဖြစ်ကြောင်း လေ့လာတွေ့ရှိရပါသည်။ ဥပဒေကြမ်းကော်မတီအနေဖြင့် အကြံပြုဆွေးနွေးခဲ့သည့် လွှတ်တော်ကိုယ်စားလှယ်များနှင့် ညှိနှိုင်းသဘောတူညီချက်များအရ ပြင်ဆင်ဖြည့်စွက်သင့်သည်များကို ထပ်မံပြင်ဆင် ဖြည့်စွက်ခဲ့ပြီးဖြစ်ပါကြောင်းနှင့် ပြင်ဆင်ချက်အပြည့်အစုံကို နောက်ဆက်တွဲ ကန့်လန့်ဖြတ် ဇယားဖြင့် ပူးတွဲတင်ပြအပ်ပါသည်။

**ကော်မတီ၏သဘောထားမှတ်ချက်**

၃။ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးတင်အောင်ထွန်း ၏ အကြံပြုဆွေးနွေးချက်များအနက်မှ ပုဒ်မ ၂၊ ပုဒ်မခွဲ(ခ)အဖြစ် ပြင်ဆင်ဖြည့်စွက်ရန် အကြံပြုဆွေးနွေးချက်သည် အဓိပ္ပာယ်တိကျမှုမရှိခြင်း၊ စကားလုံးအသုံးအနှုန်း ကျစ်လျစ်မှုမရှိခြင်း၊ ပိုမို၍ရှုပ်ထွေးသည့် ဖော်ပြချက်များ ဖြစ်ခြင်းတို့ကြောင့် ပြင်ဆင်ဖြည့်စွက်ရန် မသင့်ကြောင်းနှင့် ပုဒ်မ ၁၀၊ ပုဒ်မခွဲ(ခ) နှင့် (ဂ)တို့သည် ဩဝါဒါစရိယအဖွဲ့၏ လုပ်ငန်းတာဝန်များကို ထိရောက်စွာ ဆောင်ရွက် နိုင်စေရန် လိုအပ်သည့် ပြဋ္ဌာန်းချက်များဖြစ်ခြင်းတို့ကြောင့် ပယ်ဖျက်ရန် မသင့်ကြောင်း ဥပဒေကြမ်း ကော်မတီက သဘောထားရရှိခဲ့ပါသည်။

၄။ သို့ဖြစ်ပါ၍ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ် ဥပဒေကြမ်းအပေါ် အကြံပြုဆွေးနွေးခဲ့သည့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ၊ သက်ဆိုင်ရာဝန်ကြီးဌာန၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးတို့မှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ပြည်ထောင်စုလွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်မှ ပညာရှင်များနှင့် အသေးစိတ်ညှိနှိုင်း ဆွေးနွေးခဲ့ပြီးဖြစ်ပါသဖြင့် ဥပဒေကြမ်းကော်မတီက မူလတင်ပြ ထားသည့် ပြင်ဆင်ချက်များနှင့် ယခုထပ်မံတင်ပြသည့် ပြင်ဆင်ချက်များအတိုင်း အမျိုးသားလွှတ်တော်က အတည်ပြုဆောင်ရွက်နိုင်ပါရန်နှင့် ဦးတင်အောင်ထွန်း ၏ ပုဒ်မ ၂၊ ပုဒ်မခွဲ(ခ) ပြင်ဆင်ချက်နှင့် ပုဒ်မ ၁၀၊ ပုဒ်မခွဲ(ခ)နှင့် (ဂ) ပယ်ဖျက်ချက်တို့ကို လွှတ်တော်၏ အဆုံးအဖြတ်ရယူဆောင်ရွက်သင့်ပါကြောင်း အစီရင်ခံတင်ပြအပ်ပါသည်။

အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ

အားလုံးကို ကျေးဇူးတင်ပါတယ်။

## အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီးပေးပို့လာသော အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ် ဥပဒေကြမ်းကို အတည်ပြုရန် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း

**အချိန်၊ ၁၀း၅၅။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၉)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ် ဥပဒေကြမ်းကို လွှတ်တော်ရဲ့ အဆုံးအဖြတ်ရယူ၍ အတည်ပြု ဆောင်ရွက်မှာ ဖြစ်ပါတယ်။

ဥပဒေကြမ်းကော်မတီက ပြင်ဆင်ချက်ရှိသော အပိုဒ်၊ အပိုဒ်ခွဲများကို တစ်ပိုဒ်ချင်းစီအလိုက် တင်ပြဖို့ ဖြစ်ပါတယ်။

**ဒေါက်တာမြတ်ဥာဏစိုး(အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)။** ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဥပဒေကြမ်းကော်မတီရဲ့ အပိုဒ် ၂ အပိုဒ်ခွဲ (ခ) ပြင်ဆင်ချက်နဲ့ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်တော်ကြီး ဦးတင်အောင်ထွန်း ရဲ့ အပိုဒ် ၂ အပိုဒ်ခွဲ(ခ) ပြင်ဆင်ချက်များကို လွှတ်တော်ရဲ့ အဆုံးအဖြတ်ရယူ ဆောင်ရွက်ပေးနိုင်ပါရန် လေးစားစွာ တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဥပဒေကြမ်းကော်မတီရဲ့ တင်ပြချက်ကို သဘောမတူတဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးတင်အောင်ထွန်း၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅) ရှိတဲ့အတွက် ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၉၊ နည်းဥပဒေခွဲ(တ)၊ နည်းဥပဒေခွဲငယ်(၁) အရ စက်ခလုတ် အသုံးပြု၍ လျှို့ဝှက်စွာ ဆန္ဒပြုသည့် နည်းလမ်းဖြင့် လွှတ်တော်ရဲ့ ဆန္ဒရယူ ဆောင်ရွက်မှာ ဖြစ်ပါတယ်။

ဒါ့ကြောင့် ဥပဒေကြမ်းကော်မတီ၏ တင်ပြချက်ကို သဘောတူတဲ့ လွှတ်တော်ကိုယ်စားလှယ်များက အစိမ်းရောင် အပေါင်း(+) သင်္ကေတခလုတ်ကိုနှိပ်၍ ထောက်ခံမဲပေးရန်ဖြစ်ပြီး သဘောမတူတဲ့ လွှတ်တော်ကိုယ်စားလှယ်များက အနီရောင် အနုတ်(-) သင်္ကေတကိုနှိပ်၍ ကန့်ကွက်မဲပေးရန် ဖြစ်ပါတယ်။

ဥပဒေကြမ်းကော်မတီရဲ့ တင်ပြချက်ကို မူတည်ပြီး စက်ခလုတ်အသုံးပြု၍ မဲခွဲဆုံးဖြတ်မှာ ဖြစ်တဲ့အတွက် ထောက်ခံမဲများလျှင် ဥပဒေကြမ်းကော်မတီရဲ့ တင်ပြချက်အတိုင်း အတည်ပြုမှာဖြစ်ပြီး ကန့်ကွက်မဲများလျှင် ဦးတင်အောင်ထွန်း ၏ တင်ပြချက်အတိုင်း အတည်ပြုမှာ ဖြစ်ပါတယ်။

**ဥက္ကဋ္ဌ။** ။ ယခု လွှတ်တော်ရဲ့ ဆန္ဒရယူပါမယ်။ ဆန္ဒမဲပေးနိုင်ကြပါပြီ။

ထောက်ခံမဲ (၁၃၄) မဲ၊ ကန့်ကွက်မဲ (၁၈) မဲ၊ ကြားနေမဲ (၁)မဲ ဖြစ်ပါတယ်။

ထောက်ခံမဲများတဲ့အတွက် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက်သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်သည်။

**ဒေါက်တာမြတ်ဥာဏစိုး(အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ ဥက္ကဋ္ဌကြီးခင်ဗျား။ ဥပဒေကြမ်းရဲ့-

အပိုဒ် ၂ အပိုဒ်ခွဲ(ဂ)၊ အပိုဒ် ၃၊ အပိုဒ် ၇၊ အပိုဒ် ၈ အပိုဒ်ခွဲ(ဂ)(ဆ) နဲ့ (ဇ) ပြင်ဆင်ဖြည့်စွက်ချက်များကို လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် လေးစားစွာ တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဒီ ပြင်ဆင်ဖြည့်စွက်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူတဲ့သူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် ပြင်ဆင်ဖြည့်စွက်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ဖြည့်စွက်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၂(ဂ)၊ အပိုဒ် ၃၊ အပိုဒ် ၇၊ အပိုဒ် ၈ (ဂ)(ဆ)(ဇ)သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။

**ဒေါက်တာမြတ်ဥာဏစိုး(အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ ဥပဒေကြမ်းကော်မတီ အနေနဲ့တော့ ဥပဒေကြမ်းရဲ့-

အပိုဒ် ၁၀ အပိုဒ်ခွဲ(ခ) နဲ့ (ဂ) တို့ကို ပြည်သူ့လွှတ်တော်ရဲ့ အတည်ပြုချက်အတိုင်း ဆက်လက် အတည်ပြုပေးဖို့ တင်ပြအပ်ပါတယ်။ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)က လွှတ်တော်ကိုယ်စားလှယ်တော်ကြီး ဦးတင်အောင်ထွန်း ကတော့ အပိုဒ် ၁၀ အပိုဒ်ခွဲ(ခ) နဲ့ (ဂ) တို့ကို ပယ်ဖျက်ရန် တင်ပြထားတဲ့အတွက် လွှတ်တော်ရဲ့ အဆုံးအဖြတ်ရယူဆောင်ရွက်ပေးနိုင်ပါရန် လေးစားစွာ တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဥပဒေကြမ်းကော်မတီရဲ့ တင်ပြချက်ကို သဘောမတူတဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးတင်အောင်ထွန်း၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)ရှိတဲ့အတွက် ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၉၊ နည်းဥပဒေခွဲ(တ)၊ နည်းဥပဒေခွဲငယ်(၁)အရ စက်ခလုတ် အသုံးပြု၍ မဲခွဲဆုံးဖြတ်မှာ ဖြစ်တဲ့အတွက် ထောက်ခံမဲများလျှင် ဥပဒေကြမ်းကော်မတီရဲ့ တင်ပြချက်အတိုင်း အတည်ပြုမှာဖြစ်ပြီး ကန့်ကွက်မဲများလျှင် ဦးတင်အောင်ထွန်း၏ တင်ပြချက်အတိုင်း အတည်ပြုမှာ ဖြစ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ယခု လွှတ်တော်ရဲ့ ဆန္ဒရယူပါမယ်။ ဆန္ဒမဲပေးကြဖို့ အသင့်ရှိစေလိုပါတယ်။ ဆန္ဒမဲပေးနိုင်ကြပါပြီ။

ထောက်ခံမဲ (၁၄၀) မဲ၊ ကန့်ကွက်မဲ (၂၀) မဲ၊ ကြားနေမဲ (၃)မဲ ဖြစ်ပါတယ်။

ထောက်ခံမဲများတဲ့အတွက် ဥပဒေကြမ်းကော်မတီ၏ တင်ပြချက်အတိုင်း အတည်ဖြစ်သည်။

**ဒေါက်တာမြတ်ဥာဏစိုး(အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ ဥက္ကဋ္ဌကြီးခင်ဗျား။ ဥပဒေကြမ်းရဲ့-

အပိုဒ် ၁၃ ရဲ့ ခြေဆင်း၊ အပိုဒ် ၁၈ အပိုဒ်ခွဲ(ဂ)နဲ့(င)၊ အပိုဒ် ၂၂ ရဲ့ အပိုဒ်ခွဲ(က)၊ အပိုဒ် ၂၂ အပိုဒ်ခွဲ(ဂ) အပိုဒ်ခွဲငယ်(၁)(၂)(၃)၊ အပိုဒ် ၂၃ ခြေဆင်း ပြင်ဆင်ချက်များကို လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူတဲ့သူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် ပြင်ဆင်ချက် အတည်ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၁၃ ခြေဆင်း၊ အပိုဒ် ၁၈ (ဂ)အပိုဒ်ခွဲငယ်(င)၊ အပိုဒ် ၂၂(က)၊ အပိုဒ် ၂၂(ဂ) အပိုဒ်ခွဲငယ်(၁)(၂)(၃)၊ အပိုဒ်၂၃ ခြေဆင်းသည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။

**ဒေါက်တာမြတ်ဥာဏစိုး(အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ ဥက္ကဋ္ဌကြီးခင်ဗျား။ ဆက်လက်ပြီးတော့ ဥပဒေကြမ်းရဲ့-

အပိုဒ် ၃၁၊ အပိုဒ် ၃၃ ရဲ့ ခြေဆင်း၊ အပိုဒ် ၃၃ ပုဒ်မခွဲ(ခ)၊ အပိုဒ် ၃၄၊ အပိုဒ် ၃၅ အပိုဒ်ခွဲ(က) ပြင်ဆင်ချက်များကို လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူတဲ့သူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် ပြင်ဆင်ချက် အတည်ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၃၁၊ အပိုဒ် ၃၃ ခြေဆင်း၊ အပိုဒ် ၃၃(ခ)၊ အပိုဒ် ၃၄၊ အပိုဒ် ၃၅(က) သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်သည်။

**ဒေါက်တာမြတ်ဥာဏစိုး(အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်သူ့လွှတ်တော်က အတည်ပြုထားတဲ့ ဥပဒေကြမ်းရဲ့-

အပိုဒ် ၁၃ အပိုဒ်ခွဲ(ဃ) ကိုတော့ လိုအပ်ခြင်းမရှိတဲ့အတွက်ကြောင့်မို့လို့ ပယ်ဖျက်ပေးနိုင်ပါရန် တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဒီ ပယ်ဖျက်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူတဲ့သူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် ပယ်ဖျက်ချက် အတည်ဖြစ်သည်။

**ဒေါက်တာမြတ်ဥာဏစိုး(အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုထားတဲ့ ဥပဒေကြမ်းရဲ့ အပိုဒ် ၃၃ ကိုလည်း အဆိုပြုပြဋ္ဌာန်းချက်အတိုင်း ဆက်လက်အတည်ပြုပေးနိုင်ပါရန် လေးစားစွာ တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဒီ တင်ပြချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူတဲ့သူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် ဥပဒေကြမ်းကော်မတီ၏ တင်ပြချက်အတိုင်း အတည်ဖြစ်သည်။

**ဒေါက်တာမြတ်ဥာဏစိုး(အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ အမျိုးသားလွှတ်တော်ကြီးကနေပြီးတော့ ပြင်ဆင်ချက်များနဲ့ အတည်ပြုလိုက်တဲ့ အပိုဒ်၊ အပိုဒ်ခွဲများမှအပဖြစ်တဲ့ ကျန်ရှိတဲ့ အပိုဒ်၊ အပိုဒ်ခွဲများကိုတော့ ပြည်သူ့လွှတ်တော်၏ အတည်ပြုချက်အတိုင်း အမျိုးသားလွှတ်တော်က ဆက်လက် အတည်ပြုပေးနိုင်ပါရန် လေးစားစွာ တင်ပြအပ်ပါတယ် ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဒီ တင်ပြချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူတဲ့သူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် ဥပဒေကြမ်းကော်မတီ၏ တင်ပြချက်အတိုင်း အတည်ဖြစ်သည်။

**ဦးမျိုးဝင်း၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)၏ မြန်မာနိုင်ငံတွင် လယ်ယာဥယျာဉ်ခြံမြေများကို စည်းကမ်းမဲ့စွာ အကွက်ဖော် ရောင်းစားနေကြခြင်းတို့ကြောင့် စိုက်ပျိုးမြေများ အလျင်အမြန် လျော့နည်းလာခြင်း၊ မြို့ပေါ်နှင့် ကျေးရွာများတွင် နောင်တစ်ချိန် လိုအပ်ပါက အသုံးပြုနိုင်ရန် ချန်လှပ်ထားသော မြေလွတ်များ ပျောက်ဆုံးကုန်ခြင်း စသည်တို့နှင့် အဓိကသက်ဆိုင်သော စီမံခန့်ခွဲမှု ကော်မတီ၊ စည်ပင်သာယာရေးကော်မတီနှင့် လယ်ယာမြေစီမံခန့်ခွဲမှု ကော်မတီအဆင့်ဆင့် (ကော်သုံးကော်)တို့၏ လျော့ရဲပြီး အဂတိတရားမကင်းသည့် လုပ်ဆောင်ချက်များကို ထိရောက်စွာ ထိန်းညှိပေးနိုင်မည့် အစီအမံတစ်ခုကို အလျင်အမြန်ရေးဆွဲပြဋ္ဌာန်း အကောင်အထည်ဖော်ပေးပါရန်** ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း **အဆိုကို လွှတ်တော်ကိုယ်စားလှယ်များက ဆက်လက်ဆွေးနွေးခြင်း**

**အချိန်၊ ၁၁း၀၅။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၁၀)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)မှ ဦးမျိုးဝင်း တင်သွင်းထားသည့် မြန်မာနိုင်ငံတွင် လယ်ယာ ဥယျာဉ်ခြံမြေများကို စည်းကမ်းမဲ့စွာ အကွက်ဖော် ရောင်းစားနေကြခြင်းတို့ကြောင့် စိုက်ပျိုးမြေများ အလျင်အမြန် လျော့နည်းလာခြင်း၊ မြို့ပေါ်နှင့် ကျေးရွာများတွင် နောင်တစ်ချိန် လိုအပ်ပါက အသုံးပြုနိုင်ရန် ချန်လှပ်ထားသော မြေလွတ်များ ပျောက်ဆုံးကုန်ခြင်း စသည်တို့နှင့် အဓိကသက်ဆိုင်သော စီမံခန့်ခွဲမှုကော်မတီ၊ စည်ပင်သာယာရေး ကော်မတီနှင့် လယ်ယာမြေစီမံခန့်ခွဲမှုကော်မတီ အဆင့်ဆင့် (ကော်သုံးကော်)တို့၏ လျော့ရဲပြီး အဂတိတရားမကင်းသည့် လုပ်ဆောင်ချက်များကို ထိရောက်စွာ ထိန်းညှိပေးနိုင်မည့် အစီအမံတစ်ခုကို အလျင်အမြန် ရေးဆွဲပြဋ္ဌာန်း အကောင်အထည်ဖော်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုကိုဆွေးနွေးရန် ကျန်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ်များ ဆက်လက်ဆွေးနွေးဖို့ ဖြစ်ပါတယ်။ ဆွေးနွေးမယ့် ကိုယ်စားလှယ်များ တစ်ဦးလျှင် (၈)မိနစ်ထက်မပိုဘဲ ဆွေးနွေးခွင့်ပြုမှာ ဖြစ်ပါတယ်။

ပထမဦးစွာ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)မှ ဦးညီစိန် ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၁း၀၆။**

**ဦးညီစိန်၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)**။ ။ အားလုံးပဲ မင်္ဂလာပါခင်ဗျား။ ရိုသေလေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ဒုတိယဥက္ကဋ္ဌ၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များအားလုံးနှင့် လေ့လာရေးအဖွဲ့များအားလုံး ကာယသုခ၊ စိတ္တသုခ နှစ်ဖြာနှစ်ဝ ပြည့်စုံပါစေကြောင်း ပတ္ထနာမှုပြု နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။ ရှမ်းပြည်နယ်၊ မဲဆန္ဒနယ်အမှတ်(၅) အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ကျွန်တော် ဦးညီစိန် ကနေပြီးတော့ မွန်ပြည်နယ်၊ မဲဆန္ဒနယ်

အမှတ်(၈) အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးမျိုးဝင်း ရဲ့ အဆိုဖြစ်တဲ့ မြန်မာနိုင်ငံတွင် လယ်ယာဥယျာဉ်ခြံမြေ လျော့နည်း၊ ပျောက်ဆုံးကုန်ခြင်းနဲ့ပတ်သက်၍ (ကော်သုံးကော်)တို့၏ လျော့ရဲပြီး အဂတိမကင်းသည့် လုပ်ဆောင်ချက်များနှင့် ပတ်သက်သည့်အဆိုကို ကျွန်တော့်ရဲ့ မဲဆန္ဒနယ်ထဲက လက်တွေ့အဖြစ်အပျက်တွေနဲ့ နှိုင်းယှဉ် ပြီးတော့ ထောက်ခံဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ ကျွန်တော့်ရဲ့ တင်ပြဆွေးနွေးချက်တွေဟာ Emotion သက်သက်မဟုတ်ဘဲနဲ့ ကျွန်တော့် မဲဆန္ဒနယ်ထဲက အမှန်အကန်သမားတွေရဲ့ နစ်နာဆုံးရှုံးမှု သူတောင်းစားခွက်ပျောက်ဘဝရောက်နေတဲ့ တောင်သူလယ်သမားတွေရဲ့ ယခုထိတိုင် ကျလို့မဆုံးနိုင်သေးတဲ့ မျက်ရည်တွေ၊ မျက်သွေးတွေကို Data အချက်အလက်တွေနဲ့တကွ တင်ပြဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ အဆိုရှင် ဦးမျိုးဝင်း အဆိုပြုတင်ပြသွားတဲ့အတိုင်းပါပဲ။ ကျွန်တော့်ရဲ့ မဲဆန္ဒနယ်ဖြစ်တဲ့ မူဆယ်မြို့နယ်ထဲမှာလည်း အင်မတန်အထွက်နှုန်းကောင်းတဲ့ လယ်ကွက်တချို့က မြေနီကားကွင်းတွေ ဖြစ်ကုန်ပါပြီခင်ဗျား။ အဲဒီကိစ္စကို ကျွန်တော် သက်ဆိုင်ရာကော်မတီတွေဆီ စုံစမ်းကြည့်တဲ့အခါမှာ မြေနီကားကွင်း ဖော်ဆောင်သွားတဲ့ ပုဂ္ဂိုလ်တွေကနေပြီးတော့ အထက်ကစာတွေကိုင်ထားရလို့ လုပ်တာပါတဲ့။ ဒီကိစ္စတွေ အခုသုံးသပ်ကြည့်တဲ့အခါမှာ အခြေခံဒေသက စီမံခန့်ခွဲရေးကော်မတီတွေရဲ့ ထောက်ခံချက် သို့မဟုတ် အာဘော်မပါဘဲနဲ့ အထက်ကပုဂ္ဂိုလ်တွေရဲ့ လုပ်ပိုင်ခွင့်အပေါ် အံ့မခန်းနိုင်လောက်အောင်ပဲ ဖြစ်ရပါတယ်ခင်ဗျား။

ကျွန်တော် ဆက်လက်တင်ပြချင်တာကတော့ မူဆယ်မြို့ (၁၀၅)မိုင် ကုန်သွယ်ရေးဇုန်ရဲ့ သွင်းကုန် စိစစ်ရေးဇုန်အသစ် မြေနေရာ (၁၀၅.၇)ဧကကိစ္စ ဖြစ်ပါတယ်။ အဲဒီမြေတွေကို ၂၀၀၅ ခုနှစ် သိမ်းဆည်းခဲ့စဉ်တုန်းက (၁)ဧကကို လျော်ကြေးအဖြစ် မြန်မာကျပ်ငွေ (၁၂)ကျပ် ပေးသနားတော်မူပါ့မယ်ဆိုပြီးတော့ ပြောခဲ့ပါတယ်။ အဆိုပါ ငွေ(၁၂)ကျပ်ကို လားရှိုးမြို့မှာ သွားရောက်ပြီးတော့မှ ထုတ်ရမယ်လို့ သက်ဆိုင်ရာက နယ်စပ်ကုန်သွယ်ရေးဇုန်(နကသ) ညွှန်ကြားရေးမှူးက ပြောပါတယ်။ ဆိုတော့ မူလမြေပိုင်ရှင် တောင်သူတွေကနေပြီးတော့မှ အစည်းအဝေးကနေ မကျေမနပ်နဲ့ ထပြန်သွားကြပါတယ်။ (၁၂)ကျပ်ဆိုတဲ့ လျော်ကြေးငွေကို လုံးဝမထုတ်ကြသလို မြေလွှဲအပ်လက်မှတ်တွေလည်း လုံးဝ မထိုးခဲ့ကြပါဘူး။ အဲဒီကိစ္စကို ၁၂-၁၂-၂၀၁၆ ရက်နေ့မှာ လျော်ကြေးပေးနိုင်ဖို့ ကျွန်တော် အမျိုးသားလွှတ်တော် အစည်းအဝေးမှာတင်ပြတော့ ပြည်ထောင်စုဝန်ကြီးကနေပြီးတော့ တောင်သူတွေဟာ လျော်ကြေးလည်းယူပြီးသား၊ လွှဲအပ်လက်မှတ်လည်း ထိုးပြီးသားလို့ ပြောပါတယ်။ ဆိုတော့ တောင်သူတွေ လုံးဝမထိုးခဲ့ရတဲ့ လက်မှတ်တွေဟာ ပြည်ထောင်စုဝန်ကြီးဆီ ဘယ်လိုပုံ ဘယ်လိုနည်းနဲ့ ရောက်သွားသလဲဆိုတာကို နားမလည်နိုင်အောင်ပဲ ဖြစ်ရပါတယ်ခင်ဗျား။

ဒုတိယတစ်ခုကျတော့ မူဆယ်(၁၀၅)မိုင်ကပါပဲ။ ယခုလက်ရှိ အသုံးပြုနေတဲ့ (နကသ)ဇုန်မြေသိမ်းစဉ်အခါကာလတုန်းကတော့ ပိုနေတဲ့မြေတွေကို မူလတောင်သူတွေဆီ ပြန်ပေးရမယ့်အစား Asia World ကုမ္ပဏီကို ရောင်းချပေးခဲ့ပါတယ်။ အခု တောင်သူဘက်က ပြန်တောင်းတဲ့အခါကျတော့ Asia World ကနေပြီးတော့ လန/၃၉ ဖောက်ပြီးသားလို့ ပြောပါတယ်။ အဲဒါတွေလည်း နိုင်ငံတော်သမ္မတ နားပေါက်တဲ့အထိ တောင်သူတွေ စီစဉ်နေပြီးသားလို့ ကြားသိရပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ နိုင်ငံတော်သမ္မတကြီးရဲ့ ၁၀-၇-၂၀၁၈ ရက်နေ့ ရှမ်းပြည်နယ်မြောက်ပိုင်း လားရှိုးခရီးစဉ် တွေ့ဆုံပွဲအခမ်းအနားမှာ သိမ်းဆည်းမြေတွေကို မူလပိုင်ရှင်ဖြစ်တဲ့ တောင်သူလယ်သမားတွေဆီ အမြန်ရောက်ရှိနိုင်ရေး အရေးတကြီး လမ်းညွှန်မှာကြားခဲ့တာကို သုံးသပ်ကြည့်ရင် နိုင်ငံတော်သမ္မတကြီးရဲ့ နှလုံးသားကြီးမှုနဲ့ အမြော်အမြင်ကြီးမှုကို အင်မတန် ဂုဏ်ယူလေးစားရပါတယ်။ အောက်ခြေအဆင့်ဆင့်ရဲ့ ဆောင်ရွက်ပုံတွေကို လေ့လာကြည့်တဲ့အခါမှာ ကျွန်တော့်ရဲ့ မဲဆန္ဒနယ် ကွတ်ခိုင်မြို့မှာ သက်ဆိုင်ရာ ဌာနအသီးသီးကနေပြီးတော့ လေယာဉ်ကွင်းစီမံကိန်းနဲ့ ကြက်ဆူစီမံကိန်းဆိုပြီး အင်မိန်းဟိုကျန်ကျေးရွာအုပ်စု၊ မန်တုံကျေးရွာမြောက်ကွင်းဆိုတဲ့ မြို့နဲ့ကပ်လျက် ပြည်ထောင်စု ကားလမ်းမဘေး ဧက(၃၀)မြေကွက်မှာ စီမံကိန်းမအောင်မြင်တဲ့အခါမှာ သက်ဆိုင်ရာကနေပြီးတော့ မူလပိုင်ရှင်ဖြစ်တဲ့ တောင်သူတွေကိုပြန်ပေးဖို့ ညွှန်ကြားထားပြီးသားဥစ္စာကို မြို့နယ်စီမံခန့်ခွဲရေးကော်မတီကနေပြီးတော့ ပြန်မပေးဘဲ မြို့ကွက်သစ်တွေဖော်ပြီးတော့ ရောင်းချနေတာကို မြင်တွေ့ရတဲ့အခါ မသိနားမလည်တဲ့ ကိုယ့်ရဲ့တောင်သူတွေအပေါ် ကရုဏာသက်မိသလို သိရှိနားလည်အောင်ရှင်းမပြပေးတဲ့ တာဝန်ရှိပုဂ္ဂိုလ်တွေရဲ့ နှလုံးသားကျဉ်းမြောင်းမှုအပေါ်လည်း ပြောမထွက်နိုင်အောင် ဖြစ်ရပါတယ်။ ပြောရမယ့်စကားလည်း ရှာမရနိုင်အောင် ရင်ထုမနာ ခံစားရပါတယ်ခင်ဗျား။

ပြီးခဲ့တဲ့ နိုင်ငံတော်သမ္မတ ဦးသိန်းစိန် အစိုးရလက်ထက်တုန်းက မူဆယ်မြို့မှာ ယာဉ်ကြီးရပ်နားစခန်းကြီးကြီးတစ်ခု ဆောက်လုပ်မယ်ဆိုပြီး စီမံကိန်းတစ်ခု လျာထားခဲ့ပါတယ်။ လျာထားတုန်းပဲရှိသေးတာကို မြေပိုင်ရှင်တွေက ဦးပြီးတော့ ကိုယ်ပိုင်ပုဂ္ဂလိက ယာဉ်ရပ်နားစခန်းတွေဖြစ်အောင် လန/၃၉ လည်းလျှောက်ရင်း မြေတွေကိုလည်းပြုပြင်ရင်း တစ်လအတွင်းမှာပဲ အောင်မြင်သွားခဲ့ပါတယ်။ ပုဂ္ဂလိကသမားတွေရဲ့ အောင်မြင်မှုတွေကို ပြောတာဖြစ်ပါတယ်။ လန/၃၉ မြေကို အခြားနည်းနဲ့ အသုံးပြုခွင့် ကျ၊ မကျတော့ ကျွန်တော် ယနေ့အထိ မသိရပါဘူး။ သက်ဆိုင်ရာကို မေးကြည့်ရအောင်လည်း အထက်ကခွင့်ပြုချက်လို့ပဲ ပြောမှာမို့လို့ ကျွန်တော်လည်း ဝိနည်းလွတ် စိတ်ညစ်ခံလမ်းစဉ်ကို ရှောင်လွှဲလိုက်ရပါတယ်။ အဲဒီလုပ်ရပ်အမျိုးမျိုးတွေကြောင့် ကားလမ်းကျပ်တာ၊ ကားလမ်းပိတ်ဆို့တာတွေ ယခုအထိ ခံနေကြရပါတယ်ခင်ဗျား။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော် နိဂုံးချုပ် ဆွေးနွေးလိုတာကတော့ အထက်ဖော်ပြပါအတိုင်း စီမံကိန်းဆွဲတဲ့အဖွဲ့ကတစ်မျိုး၊ လန/ ၃၉ ခွင့်ပြုမိန့် လုပ်ပိုင်ခွင့်အဖွဲ့ကတစ်ဖုံဝင်၊ ထွက်ပေါင်းသင်းတတ်တဲ့ ငွေရှင်ကြေးရှင်တွေကတစ်နည်း ဆိုလို့ရှိရင် နိုင်ငံတော်သမ္မတကြီးရဲ့ လမ်းညွှန်ချက်နဲ့ သွေဖည်နေဦးမှာမို့လို့ ......

**အချိန်၊ ၁၁း၁၅။**

**ဥက္ကဋ္ဌ။**　　။ ဆက်လက်ပြီး ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)မှ ဦးမြင့်နိုင် ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၁း၁၅။**

**ဦးမြင့်နိုင်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)။**　　။ လေးစားအပ်ပါတဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီး၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များနဲ့ လေ့လာသူ ဧည့်သည်များ အားလုံးကို သာလီစွပါလို့ ဦးစွာပထမ နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ရခိုင်

ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးမြင့်နိုင် ဖြစ်ပါတယ်။ ကျွန်တော် ဒီနေ့ အမျိုးသားလွှတ်တော်မှာ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးမျိုးဝင်း တင်သွင်းတဲ့အဆိုကို ထောက်ခံ ဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါတဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီး ခင်ဗျား။ ဦးမျိုးဝင်းရဲ့ အဆိုမှာ အဓိက အချက်(၃)ချက် ပါဝင်တာတွေ့ရပါတယ်။ ပထမအချက်က လယ်ယာမြေများကို စည်းကမ်းမဲ့ အကွက်ဖော်ရောင်းစားခြင်း၊ ဒုတိယအချက်က လယ်ယာမြေနဲ့ မြေလွတ်များ ပျောက်ဆုံးကုန်ခြင်း၊ တတိယအချက်က (ကော်သုံးကော်)တို့၏ လျော့ရဲပြီး အဂတိမကင်းတဲ့လုပ်ဆောင်မှုကိစ္စတို့ ဖြစ်ပါတယ်။ အဆိုမှာ အချက်(၃)ချက် ဆိုပေမယ့် အဓိကလုပ်ဆောင်ရမှာက (ကော်သုံးကော်)နဲ့ ပတ်သက်တဲ့အပိုင်းပါ။ ကျန်အချက်များလည်း (ကော်သုံးကော်)နဲ့ပဲ သက်ဆိုင်နေပါတယ်။ ကျွန်တော့်အနေနဲ့ ကျွန်တော့်မဲဆန္ဒနယ်မြေကို အခြေခံပြီး ဆွေးနွေးသွားပါမယ်။ (ကော်သုံးကော်)အထဲမှာ (ကော်နှစ်ကော်) အကြောင်းကိုပဲ အဓိကထား ဆွေးနွေးပါမယ်။

ပထမကော်မတီဖြစ်တဲ့ မြို့နယ်စီမံခန့်ခွဲမှုကော်မတီကိစ္စပါ။ ဒီကော်မတီမှာ ကော်မတီနဲ့ ပတ်သက်ပြီး အဓိက တာဝန်အရှိဆုံးက မြို့နယ်အုပ်ချုပ်ရေးမှူးက ဥက္ကဋ္ဌပါ။ အုပ်ချုပ်ရေးမှူး အလုပ်မလုပ်ရင် မြို့နယ်မှာ ပြဿနာတွေ အများကြီးဖြစ်မယ်။ အစိုးရမှ စီမံကိန်းတွေ၊ တည်ဆောက်ရေးတွေ၊ ဆောက်လုပ်ရေးလုပ်ငန်းတွေ မြို့နယ်တစ်ခုမှာ အများကြီးပါ။ မြို့နယ်တစ်ခုမှာ ဆောက်လုပ်ရေးလုပ်ငန်း၊ တည်ဆောက်ရေးလုပ်ငန်းတွေကို ကော်မတီမှ ဘာမှ ကွင်းဆင်းစစ်ဆေးမှုမရှိ၊ ကြီးကြပ်မှုမရှိ။ တည်ဆောက်ရေးလုပ်ငန်း၊ ဆောက်လုပ်ရေးလုပ်ငန်းတွေ ဆောင်ရွက်ခွင့်ရတဲ့ကုမ္ပဏီတွေကလည်း မြို့နယ်တွေမှာရှိတဲ့ မြို့နယ်စီမံခန့်ခွဲမှုကော်မတီကို သတင်းပို့ အကြောင်းကြားမှုမရှိဘဲ လုပ်ငန်း ဆောင်ရွက်နေခြင်း၊ လုပ်ငန်းများအတွက် တွက်ချက်မှုပုံစံ၊ (B.Q - Bill of Quantity) ကိုတောင် ပေးဆောင်မှုမရှိတာတွေကို တွေ့နေရပါတယ်။

ကျွန်တော့် မဲဆန္ဒနယ်မြေမှာ မြို့နယ်အုပ်ချုပ်ရေးမှူးကို မေးကြည့်တော့ ကော်မတီမှမသိဘဲ လုပ်ဆောင်မှုတွေ၊ လုပ်ငန်းတွေ အများကြီးရှိပါတယ်။ အဓိကပြဿနာက တည်ဆောက်ရေးလုပ်ငန်းတွေကို သက်ဆိုင်ရာ ပြည်ထောင်စုအစိုးရဝန်ကြီးဌာနနဲ့ ပြည်နယ်အစိုးရတို့မှ တင်ဒါရွေးချယ်ပြီး မြို့နယ်ကို တည်ဆောက်ရေးလုပ်ကိုင်ခိုင်းခြင်း၊ တင်ဒါအောင် ကုမ္ပဏီတွေက မြို့နယ်ကို ဂရုမစိုက်သလိုမျိုး ပြုမူမှုတွေ။ နောက်တစ်ခုက ပြည်နယ်မှာပဲရှိတဲ့ဌာနတွေက၊ ပြည်ထောင်စုမှာပဲရှိတဲ့ဌာနတွေက မြို့နယ်တွေမှာ ဌာနရုံးခွဲမရှိဘဲ ဌာနတွေဆိုရင် မြို့နယ်တွင်း တည်ဆောက်ရေးလုပ်ငန်းတွေကို မြို့နယ်မှ ဘာမှမသိဘဲ အများကြီးဆောင်ရွက်နေတာ ရှိပါတယ်။ လက်ရှိ ကျွန်တော့်မဲဆန္ဒနယ်မြေမှာ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် ရေအရင်းအမြစ်ဌာနမှဆောင်ရွက်နေတဲ့ သရက်တပင်ကျေးရွာ မြစ်ရေတင်စီမံကိန်းဆိုရင် မြို့နယ်အုပ်ချုပ်ရေးမှူးမှ ဘာမှမသိတဲ့ပုံစံမျိုးပါ။ ကျေးရွာတွေမှာလည်း ပြဿနာတွေ၊ ကန့်ကွက်မှုတွေ အများကြီးရှိနေပါတယ်။ စီမံကိန်းတင်ဖို့မှာလည်း ကျပ်သိန်း(၇၀၀၀) ကျော်ပါတယ်။ ခုထိ ပြီးစီးမှု မရှိသေးပါ။

နောက်ထပ်ဌာနတစ်ခုကတော့ နယ်စပ်ရေးရာဝန်ကြီးဌာနပါ။ ဌာနအနေနဲ့လည်း ကျွန်တော်တို့ မြို့နယ်တွင် စီမံကိန်းတွေ အများကြီးရှိပါတယ်။ ဒါတွေကိုလည်း မြို့နယ်စီမံခန့်ခွဲမှု ကော်မတီမှ

မသိရှိကြောင်း သိရပါတယ်။ ခုလို တည်ဆောက်ရေးလုပ်ငန်းတွေ၊ စီမံကိန်းတွေကို မြို့နယ်စီမံခန့်ခွဲရေးကော်မတီအနေနဲ့ သိရှိနေရမယ်။ စစ်ဆေးနိုင်ရမယ်။ ကျွန်တော်တို့ မြို့နယ်တွင် ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်အတွင်း တည်ဆောက်ရေးလုပ်ငန်းအတွက် ဘဏ္ဍာငွေကျပ်(၁၀)ဘီလီယံကျော်လောက်ရှိပါတယ်။ ကော်မတီအနေနဲ့ တည်ဆောက်ရေးလုပ်ငန်းကို ကွင်းဆင်းစစ်ဆေးမှုမရှိခြင်း၊ စစ်ဆေးမှု မလုပ်နိုင်ဘူးဆိုလို့ရှိရင် လုပ်ဆောင်သည့်လုပ်ငန်းတွေ အရည်အသွေးကောင်းမွန်ရန်မလွယ်ကူနိုင်သလို ကုမ္ပဏီတွေကလည်း မိမိစိတ်ကြိုက် လုပ်ဆောင်သွားမည်မှာ ဧကန်မလွဲပါ။

နောက်ထပ်ကော်မတီတစ်ခုဖြစ်တဲ့ လယ်ယာမြေ စီမံခန့်ခွဲမှုကော်မတီပါ။ ကော်မတီမှာလည်း မြို့နယ်အုပ်ချုပ်ရေးမှူးက ဥက္ကဋ္ဌပါ။ မြေစာရင်းဦးစီးက အတွင်းရေးမှူးပါ။ ကော်မတီမှာလည်း ကျွန်တော့် မဲဆန္ဒနယ်မြေအခြေအနေကို ဆွေးနွေးရရင် ပြဿနာတွေ အများကြီးရှိနေပါတယ်။ ကော်မတီကြောင့်ပဲ လယ်ယာမြေပြဿနာတွေ ပိုပြီးတောင် ရှုပ်ထွေးများပြားလာတယ်လို့ ထင်မိပါတယ်။ ကျွန်တော့် မဲဆန္ဒနယ်မြေအတွင်း ကျေးရွာတိုင်း လယ်ယာမြေပြဿနာများ၊ စားကျက်မြေပြဿနာများ၊ မြေလွတ်၊ မြေရိုင်းပြဿနာများ၊ မြေသိမ်းမှုပြဿနာများ အများကြီးရှိပါတယ်။ ကျေးရွာတွေမှာ စားကျက်မြေပြဿနာဆိုရင် စားကျက်မြေပေါ်တွင် ကျူးကျော်ထွန်ယက် စိုက်ပျိုးခြင်းကိုလည်း ရှင်းပေးနိုင်မှုမရှိဘဲ ပြဿနာများဖြစ်ပွားစေခြင်း၊ စားကျက်မြေများကို ဌာနဆိုင်ရာများမှ သိမ်းယူ၍ ဦးပိုင်ပေါက်အောင် ဆောင်ရွက်ခြင်းများဟာ ကော်မတီနဲ့ ဌာနဆိုင်ရာများ ပူးပေါင်း၍ ဥပဒေမဲ့ လက်သိပ်ထိုးဆောင်ရွက်ခြင်းတွေပဲ ဖြစ်ပါတယ်။ ဌာနဆိုင်ရာတွေကလည်း မြေလွတ်၊ မြေရိုင်း စားကျက်မြေများကို သိမ်းယူပြီး ဦးပိုင်ပေါက်ရေးကိစ္စများတွင် ယခု လယ်ယာမြေစီမံခန့်ခွဲရေး ကော်မတီအနေဖြင့် စီမံနိုင်မှု အားနည်းမှုတွေ၊ ပြည်သူတွေရဲ့၊ ကျေးရွာတွေရဲ့ ပိုင်ဆိုင်မှုတွေကို ထောက်ရှုမှု အားနည်းမှုတွေကို တွေ့နေရပါတယ်။ မြေလွတ်၊ မြေရိုင်းများပေါ်တွင်လည်း လယ(၃၀) (က)(ခ) လျှောက်ထားမှုတွေ မဆောင်ရွက်ဘဲ ကိုယ်ထင်သလို ဆောင်ရွက်နေခြင်းများလည်း ကျွန်တော့် မဲဆန္ဒနယ်မြေမှာ များစွာရှိနေရပါတယ်။ ကော်မတီရဲ့ အားနည်းမှုနဲ့ မြို့နယ်အတွင်း တရားဥပဒေစိုးမိုးမှုကို မေးခွန်းထုတ်စရာတွေ ဖြစ်နေပါတယ်။ ကျွန်တော့် မဲဆန္ဒနယ်မြေအတွင်း လယ်ယာမြေ ပြဿနာကြောင့် ကျေးရွာတိုင်းခိုက်ရန်ဖြစ်ပွားခြင်း၊ ဓားခုတ်မှုအထိ ဖြစ်ပွားခြင်း၊ ကျေးရွာတစ်ရွာနဲ့ တစ်ရွာ ရွာလုံးကျွတ် ပြဿနာများဖြစ်စေခြင်းများ ကော်မတီရဲ့ အားနည်းမှု၊ တရားဥပဒေစိုးမိုးမှု အားနည်းချက်တွေကြောင့် ဖြစ်ရခြင်းဖြစ်ပါတယ်။ အခုထိ ကျေးရွာတွေမှာ ဖြစ်ပွားနေတဲ့ ပြဿနာတွေကို ဖြေရှင်းပေးနိုင်မှု မရှိသေးပါ။

နိဂုံးချုပ်အနေဖြင့် ကျွန်တော် ဆွေးနွေးခဲ့တဲ့ ကော်မတီနှစ်ခုကို အဓိကထားပြီး ပြုပြင်ပေးရန် လိုအပ်နေ၍ လုပ်ပိုင်ခွင့် လုပ်နည်းလုပ်ဟန်များ ယခုထက်ပိုမိုပြီး လုပ်ဆောင်လာနိုင်ရင် ပိုမိုအဆင်ပြေစေနိုင်ရေး ဆောင်ရွက်ပေးရန် လိုအပ်မယ်လို့ ဆွေးနွေးလိုပါတယ်။ အဆိုရှင် တိုက်တွန်းသလို ကော်မတီတွေကို အစိုးရအနေဖြင့် အမြန်ဆုံး အစီအမံများချမှတ်ပြီး ထိရောက်စွာ ထိန်းညှိပေးနိုင်သည့် ပြုပြင်ပြောင်းလဲ ဆောင်ရွက်ပေးနိုင်ရန် လိုအပ်မည်ဖြစ်ပါကြောင်း အဆိုရှင် ဦးမျိုးဝင်းရဲ့ အဆိုကို ထောက်ခံဆွေးနွေးအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၁း၂၀။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)မှ ဦးမောင်မောင်လတ် ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၁း၂၀။**

**ဦးမောင်မောင်လတ်၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကြီးတစ်ရပ်လုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သ ဂါရဝပြုပါတယ်။ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)က ဦးမျိုးဝင်း အဆိုရဲ့ အဓိက ဆိုလိုချက်ကတော့ စီမံခန့်ခွဲမှုကော်မတီ၊ စည်ပင်သာယာရေးကော်မတီနဲ့ လယ်ယာမြေ စီမံခန့်ခွဲမှု ကော်မတီ (ကော်သုံးကော်)ရဲ့ အဂတိတရားမကင်းတဲ့ လုပ်ဆောင်ချက်တွေကြောင့် လယ်ယာ ဥယျာဉ်ခြံ မြေတွေ၊ မြို့မြေ၊ ရွာမြေတွေနဲ့ မြေလွတ်၊ မြေလပ်တွေဟာ တဖြည်းဖြည်း လျော့နည်းလာပြီးတော့ နိုင်ငံတော်အတွက် အန္တရာယ်ကျရောက်နေပြီဆိုတဲ့ အဓိပ္ပာယ်ကို သက်ရောက်ပါတယ်။ မှန်ပါတယ်။ ဒီနေရာမှာ ကျွန်တော် ခုနကဆွေးနွေးသွားတဲ့ ဦးမြင့်နိုင် လိုပါပဲ။ စည်ပင်သာယာရေးကော်မတီကတော့ ဒီလိုလုပ်ငန်းတွေမှာ မပါရသလောက် ဖြစ်ပါတယ်။ အဓိက တာဝန်ရှိသူကတော့ စီမံခန့်ခွဲမှုကော်မတီနဲ့ လယ်ယာမြေ စီမံခန့်ခွဲမှုကော်မတီပဲ ဖြစ်ပါတယ်။

ဒါနဲ့ပတ်သက်ပြီးတော့ ကျွန်တော့်ရဲ့မဲဆန္ဒနယ် တမူးမြို့မှာ ဖြစ်ပျက်နေတဲ့ကိစ္စလေးတစ်ခုကို ကျွန်တော် တင်ပြလိုပါတယ်။ Power Point သုံးစွဲခွင့်ပြုဖို့ တောင်းခံအပ်ပါတယ်။ ဒါကတော့ ကျွန်တော်တို့ စစ်ကိုင်းတိုင်းဒေသကြီး မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးလုပ်ငန်း အဖွဲ့က နေပြီးတော့ ၁၃-၆-၂၀၁၇ ရက်နေ့မှာ မြေလွတ်၊ မြေလပ်တွေကို အမှန်တကယ် လုပ်ငန်းစိုက်ပျိုး လုပ်ကိုင်မှုမရှိဘူးဆိုရင် ပြန်လည်သိမ်းယူဖို့ဆိုပြီးတော့ ခရိုင်နဲ့မြို့နယ်ကို လမ်းညွှန်စာ ထုတ်ထားတာ ရှိပါတယ်။ အဲဒီလို လမ်းညွှန်စာ ထုတ်လိုက်တဲ့အခါမှာ ဒီလို မြေတွေ ပြန်သိမ်းရပါတယ်။ အမှတ်စဉ် (၉)မှာ ဦးသန်းထွန်း (တမူး)ဆိုပြီးတော့ ပေးထားပါတယ်။ အဲဒီ ဦးသန်းထွန်းက တကယ်တော့ တမူးက မဟုတ်ပါဘူး။ တမူးမြို့နဲ့ မိုင်ပေါင်း(၃၀၀)လောက်ဝေးတဲ့ မုံရွာမြို့က လုပ်ငန်းရှင် တစ်ဦးဖြစ်ပါတယ်။ သူယူထားတဲ့ မြေဧကဟာ(၂၀၀) ဖြစ်ပါတယ်။ စိုက်ပျိုးတဲ့နေရာကို သွားပြီးတော့ စိစစ်လိုက်တဲ့အခါမှာ တကယ်တမ်းစိုက်ပျိုးထားတာ (၃၅)ဧကရှိပါတယ်။ (၃၅)ဧကလို့ပြောပေမယ့် ဒါက တကယ်တမ်း စိုက်ပျိုးတာဟာ(၁၀)ဧကမပြည့်ပါဘူး။ သိမ်းယူရမယ့်ဧကဟာ (၁၆၅)ဧက ဖြစ်ပါတယ်။ သိမ်းယူတဲ့ ဧက (၁၆၅)ဆိုပြီးတော့ ပြန်လည်ပြီးတော့၊ စိစစ်ပြီးတော့ ပို့လိုက်ပါတယ်။ ဒါပေမဲ့ အဲဒီ ကျေးရွာဒေသခံ ပြည်သူတစ်ဦးရဲ့ ဖုန်းဆက်အကြောင်းကြားချက်အရ ကျွန်တော်ရယ်၊ မြို့နယ်အုပ်ချုပ်ရေးမှူးရယ်၊ မြေစာရင်းက တာဝန်ရှိသူတစ်ဦးရယ် သွားရောက်စစ်ဆေးတဲ့အခါမှာ အဲဒီ နိုင်ငံတော်က သိမ်းယူပြီးပြီ လို့ပြောတဲ့ (၁၆၅)ဧကပေါ်မှာ ခရိုင်အဆင့် အရာရှိတစ်ဦးက မတရားရယူပြီးတော့ စိုက်ပျိုးနေတာကို တွေ့ရှိရပါတယ်။ အဲဒါဟာ တရားမဝင်ဘူးလို့ ကျွန်တော် မြို့နယ်အုပ်ချုပ်ရေးမှူး မြေစာရင်းကို ပြောပြီးတော့ ဒါကို ဒီနေရာကနေ ထွက်ခွာပေးဖို့ တောင်းဆိုခဲ့ပါတယ်။ ဒါပေမယ့်လည်း တောင်းဆိုတဲ့ တောင်းဆိုချက်ဟာ လိုက်နာခြင်း၊ ဆောင်ရွက်ခြင်းမရှိတဲ့အတွက်ကြောင့် ကျွန်တော်က ဥက္ကဋ္ဌ

မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဗဟိုကော်မတီကို ကန့်ကွက်စာ ပို့ခဲ့ပါတယ်။ တိုင်းဒေသကြီး မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲမှုကော်မတီကိုတော့ မိတ္တူပေးပို့ခဲ့ပါတယ်။

ဒါပေမယ့်လည်းပဲ ဗဟိုကနေ တိုင်းဒေသကြီး၊ တိုင်းဒေသကြီးကနေ ခရိုင်၊ မြို့နယ်ကို ပြန်လည်စိစစ်ဖို့ ပေးတဲ့အခါမှာ ဒီနေ့အထိ ဆောင်ရွက်ခြင်းမရှိသေးပါဘူး။ အဲဒီမှာ ကျွန်တော်တို့ မတရားရယူထားတဲ့ ခရိုင်အဆင့် အရာရှိတစ်ဦးနဲ့ ကျွန်တော်ကိုယ်တိုင် တွေ့ဆုံပြီးတော့ ဒါတွေဟာ ဘယ်လိုဖြစ်တာလဲ။ ဥပဒေ ချိုးဖောက်ပြီးတော့ ဘာကြောင့်မို့ ဒီလိုလုပ်ဆောင်နေရသလဲလို့ မေးမြန်းတဲ့ အခါမှာတော့ သူ စာချုပ် ချုပ်ထားတာ ရှိပါတယ်ဆိုပြီးတော့ သူ့ရဲ့စာချုပ်ကို ပြပါတယ်။ အဲဒီမှာ ဒါကတော့ အဲဒီ ဦးသန်းထွန်း ဆိုသူကို မြေလွတ်၊ မြေလပ် ဗဟိုအဖွဲ့ကနေပြီးတော့ လုပ်ပိုင်ခွင့် ပေးထားတဲ့ စာရွက်စာတမ်းတွေ ဖြစ်ပါတယ်။ အဲဒီ စာရွက်စာတမ်းတွေမှာ စည်းကမ်းချက်တွေ ပါပါတယ်။

အဲဒီ စည်းကမ်းချက်နံပါတ်(၆)မှာ ဘာဖော်ပြထားသလဲဆိုရင် စည်းကမ်းချက်(၆)မှာက ခွင့်ပြုထားတဲ့ မြေလွတ်၊ မြေလပ်နဲ့ မြေရိုင်းများကို ပြည်ထောင်စုအစိုးရအဖွဲ့ရဲ့ ခွင့်ပြုချက်မရဘဲ ပေါင်နှံခြင်း၊ ပေးကမ်းခြင်း၊ ရောင်းချခြင်း၊ အငှားချထားခြင်း၊ အခြားနည်းဖြင့် လွှဲပြောင်းခြင်း သို့မဟုတ် ခွဲစိတ်ခြင်းမပြုရလို့ အတိအလင်း ဖော်ပြထားပါတယ်။ အဲဒီ စည်းကမ်းချက်နံပါတ်(၆)သည် ၂၀၁၂ ခုနှစ်၊ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဥပဒေ ပုဒ်မ ၁၆၊ ပုဒ်မခွဲ(ဂ)မှာလည်း ဒီအတိုင်း အတိအလင်း ဖော်ပြထားတာဖြစ်ပါတယ်။ ဒါကို ကျွန်တော်တို့ ဗဟိုက ချမှတ်ပေးထားတဲ့စည်းကမ်းကို ရပ်ကွက်ကျေးရွာအုပ်ချုပ်ရေးမှူးတစ်ဦးနဲ့ လက်မှတ်ထိုးပြီးတော့ ခရိုင်အဆင့် အရာရှိကြီးတစ်ဦးက စည်းကမ်းကို ပြောင်ပြောင်တင်းတင်း၊ ဥပဒေကို ပြောင်ပြောင်တင်းတင်း ချိုးဖောက်တာဖြစ်ပါတယ်။


ဒါနဲ့ ကျွန်တော်တို့က ဒီဟာကို ကျွန်တော် မြေစာရင်းကို သွားပြီးတော့ ဒီကနေပြီးတော့ အဲဒီ လယ်ထဲမှာ စပါးတွေလည်း စိုက်ထားပါတယ်။ ပဲစင်းငုံတွေလည်း စိုက်ထားပါတယ်။ တဲ တစ်လုံး ကိုလည်း ဆောက်ထားပါတယ်။ တဲ ဆိုပေမယ့် တော်တော်ကြီးမားတဲ့တဲတစ်ခု ဖြစ်ပါတယ်။ သွပ်မိုး ထားတယ်။ တိုင်ထောင်ထားတယ်။ အဲဒီအချိန်မှာတော့ ဝါးကပ်တော့ မကာရသေးပါဘူး။ မြေစာရင်းကို ဒီကနေ ဖယ်ခွာပေးဖို့ နို့တစ်စာထုတ်ပေးပါလို့ ကျွန်တော်က တောင်းဆိုတဲ့အခါမှာတော့ မြေစာရင်းက လည်း ထုတ်ပေးပါတယ်။ ဒါပေမဲ့ အဲဒီ ခရိုင်အဆင့် အရာရှိကြီးက လိုက်နာဆောင်ရွက်ခြင်းမရှိဘဲနဲ့ ဆောက်လက်စအိမ်ကို ဝါးကပ်ကာပြီးတော့ ဆောက်လိုက်ပါတယ်။ စိုက်ပျိုးမှုတွေကိုလည်း ဆက်လက် လုပ်ပါတယ်။

အဲဒီမှာ ကျွန်တော်တို့က အဲဒီပုဂ္ဂိုလ်ဟာ ဘယ်ဥပဒေကို ချိုးဖောက်နေသလဲဆိုရင် ၂၀၁၂ ခုနှစ်၊ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရေးဥပဒေပုဒ်မ ၂၉ ကို ချိုးဖောက်နေတာ တွေ့ရ ပါတယ်။ မည်သူမဆို ဤဥပဒေအရ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်နှင့် ပြန်လည်ရုပ်သိမ်းထားသည့်မြေပေါ်မှ ထွက်ခွာဖယ်ရှားပေးရန် ပျက်ကွက်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို တစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်(၃)သိန်းထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်လို့ အတိအလင်း ဖော်ပြထားတာ တွေ့ရပါတယ်။ ဥပဒေကို ဆက်လက်ချိုးဖောက်ပြီးတော့ ယနေ့အချိန်အထိ အိမ်ကိုဖယ်ရှားခြင်း၊ ထွက်ခွာပေးခြင်း

မရှိသေးပါဘူး။ အရှေ့ခြံကိုတော့ အခိုင်အမာ သံပန်းတံခါးနဲ့ သော့ခတ်ထားဆဲဖြစ်ပါတယ်။ ဒါတွေဟာ ဥပဒေလည်း ရှိပြီးသား ဖြစ်ပါလျက်နဲ့ ဥပဒေကို လိုက်နာကျင့်သုံးရမယ့်သူတွေက လိုက်နာကျင့်သုံးဖို့ ပျက်ကွက်နေတာဟာ ဒါဟာတိုင်းပြည်မျက်နှာကို မထောက်ဘဲနဲ့ ကိုယ့်လူမို့လို့ ကိုယ့်လူရဲ့ ကိုယ့်ဆွေမျိုးသားချင်းမျက်နှာကို ထောက်နေတဲ့အတွက် တိုင်းပြည်ရဲ့ ရှေ့အနာဂတ် စီမံကိန်းတွေဟာ ဘယ်လိုမှ အကောင်အထည်ဖော်လို့မရဘဲ ဖြစ်နေပါတယ်။ ဒါတွေဟာ ဦးမျိုးဝင်း ပြောတဲ့အတိုင်း အစီအမံတစ်ခုကို အလျင်အမြန် ရေးဆွဲပြဋ္ဌာန်းပြီးတော့ ကျွန်တော်တို့ ဆောင်ရွက်ရမယ့်အချိန် တန်နေပါပြီ။ ပညာပေးကာလ မရှိတော့ပါဘူး။


ကျွန်တော်တို့ ဒီဟာနဲ့ ပတ်သက်ပြီးတော့ နောက်တစ်ခု အဲဒီ ပထမ Power Point ကို ပြပေးပါ။ အဲဒီနံပါတ်(၁၃)မှာလည်း နေသူရိန်(ဟန်)ကုမ္ပဏီကနေပြီးတော့ ဧက(၃၅၀၀)ကို ရယူထားပါတယ်။ အဲဒီမှာ (၅၀၀)ဧကကို စိုက်တယ်။ (၃၀၀၀)ဧကကို ပြန်အပ်တယ်လို့ ပြောပါတယ်။ တကယ်တမ်းကျတော့ ဘယ်သူ့ကိုမှ ခွဲပေးလို့မရပါဘူး။ မြေလွတ်၊ မြေလပ် ဥပဒေအရ။ နေသူရိန်(ဟန်)ကုမ္ပဏီက မလုပ်ဘဲနဲ့ မြတ်ပန်းတော်ဝင်ကုမ္ပဏီက တရားမဝင် လုပ်ဆောင်နေတာကို တွေ့ရမှာဖြစ်ပါတယ်။ အဲဒီ မြတ်ပန်းတော်ဝင်ကုမ္ပဏီက တာဝန်ရှိသူတွေကို မြို့နယ်အုပ်ချုပ်ရေးမှူးခန်းမှာ ခေါ်ပြီးတော့ မေးမြန်းတဲ့အခါမှာ ခင်ဗျားတို့ ဘယ်လိုလုပ်ပိုင်ခွင့်နဲ့ လုပ်နေပါသလဲဆိုတော့ လုပ်ပိုင်ခွင့်တွေ၊ စာရွက်စာတမ်းတွေက နေပြည်တော်မှာ ရှိပါတယ်ဆိုတော့၊ နေပြည်တော်ဆိုရင် ကျွန်တော်တို့ (၁၀)ရက် စောင့်ပါမယ်ဆိုပြီးတော့ စောင့်တယ်။ ဒါပေမဲ့ နောက် လာမတွေ့တော့ပါဘူး။ လက်ရှိသူတို့ဟာ မြေတွေကို ပြန်သိမ်းမယ်ဆိုမှ ကျွန်းပင်လေး လေးငါးဆယ်ပင်ကို စိုက်ပြပြီးတော့ ဧက(၅၀၀) စိုက်ပါတယ်လို့ ဒါ ထောက်ခံတင်ပြထားတာဟာလည်း မြို့နယ်အုပ်ချုပ်ရေးမှူး၊ ခရိုင်အုပ်ချုပ်ရေးမှူးတွေရဲ့ အဂတိမကင်းတဲ့ လုပ်ဆောင်ချက်တစ်ရပ်ဖြစ်ပါတယ်။ ဒါမျိုးတွေကို ကျွန်တော်တို့က မြန်မြန်ဆန်ဆန် ကျွန်တော်တို့ အချိန်မီ စီမံခန့်ခွဲနိုင်မှသာလျှင် ကျွန်တော်တို့ နိုင်ငံရဲ့အနာဂတ် ကောင်းမွန်မယ်။ ဒီလိုလူတွေနဲ့ ဘယ်လိုနိုင်ငံ တည်ဆောက်ကြမလဲ။ အစီအမံ အများကြီးကောင်းဖို့ တစ်ခုကတော့ လိုနေ ပြီလို့ပြောကြားရင်းနဲ့ ဦးမျိုးဝင်း ရဲ့ အဆိုကို ထောက်ခံတင်ပြလိုက်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများ စီမံခန့်ခွဲရေးအဖွဲ့မှ ခွင့်ပြုမိန့်ရမြေလွတ်၊ မြေရိုင်းများအပေါ်တွင် စိုက်ပျိုးလုပ်ကိုင်မှုကို မြို့နယ်လယ်ယာမြေနှင့်အခြားမြေများ သိမ်းဆည်းခံရမှုများ ပြန်လည်စိစစ်ရေးကော်မတီ၏ စိစစ်တွေ့ရှိမှုအခြေအနေပြပုံ (ဏ)


မြေလွတ်၊မြေလပ်နှင့်မြေရိုင်းများစီမံခန့်ခွဲရေးအဖွဲ့မှ ခွင့်ပြုမိန့်ရမြေလွတ်၊မြေရိုင်းများအပေါ်တွင် စိုက်ပျိုးလုပ်ကိုင်မှုကို
မြို့နယ်လယ်ယာမြေနှင့်အခြားမြေများသိမ်းဆည်းခံရမှုများပြန်လည်စိစစ်ရေးကော်မတီ၏ စိစစ်တွေ့ရှိမှုအခြေအနေ

| စဉ် | ပုဂ္ဂိုလ်/အဖွဲ့အစည်းအမည် | ခွင့်ပြုမိန့်ချထားပေးသည် | | | | | သတ်မှတ်ကာလအတွင်းအကောင်အထည်ဖေါ်ဆောင်ရွက်ပြီးစီးမှု | | သတ်မှတ်ကာလအတွင်း အကောင်အထည်ဖေါ်ဆောင်ရွက်ခြင်း မရှိ၍ ပြန်လည်သိမ်းယူသည့် ဧရိယာ(ဧက) |
|---|---|---|---|---|---|---|---|---|---|
| | | မြို့နယ် | ကျေးရွာအုပ်စု | ခွင့်ပြုသည့်ရက်စွဲ | ခွင့်ပြုသည့်အကြောင်းအရာ | ခွင့်ပြုသည့်ဧရိယာ (ဧက) | စိုက်ပျိုးပြီးဧရိယာ(ဧက) | ဆက်လက်စိုက်ပျိုးရန် ကျန်ဧရိယာ (ဧက) | |
| ၁ | ဦးစိုးနိုင်ပါ(၃)ဦး | တမူး | ကွန်းတောင်း | ၀၇.၁၀.၂၀၁၀ | စိုက်ပျိုးရေး | ၂၀၀ | ၁၃၀ | ၇၀ | ၇၀ |
| ၂ | ဦးမြသန်း | တမူး | မြို့မ | ၇ ၁.၆.၂၀၁၀ | စိုက်ပျိုးရေး | ၉၀ | ၉၀ | - | - |
| ၃ | ဦးသာခင် | တမူး | အင်ဒိုင်း | ၁၂.၆.၂၀၁၁ | စိုက်ပျိုးရေး | ၁၀ | ၄ | ၆ | ၆ |
| ၄ | ဦးတင်ဦး | တမူး | အင်ဒိုင်း | ၁၂.၆.၂၀၁၃ | စိုက်ပျိုးရေး | ၁၀ | ၆ | ၄ | ၄ |
| ၅ | ဦးသန်းလွင် | တမူး | အင်ဒိုင်း | ၁၂.၆.၂၀၁၃ | စိုက်ပျိုးရေး | ၁၀ | ၁၀ | - | - |
| ၆ | ဦးစောတင်မောင် | တမူး | အင်ဒိုင်း | ၇.၁၀.၂၀၁၀ | စိုက်ပျိုးရေး | ၁၀၀ | ၇၀ | ၃၀ | ၃၀ |
| ၇ | ဦးဟာရီပါဆပ် | တမူး | အင်ဒိုင်း | ၂၂.၃.၂၀၁၁ | စိုက်ပျိုးရေး | ၅၀ | - | ၅၀ | ၅၀ |
| ၈ | ဦးတဲကူးမန် | တမူး | အင်ဒိုင်း | ၂၂.၃.၂၀၁၁ | စိုက်ပျိုးရေး | ၁၅၀ | ၅ | ၁၄၅ | ၁၄၅ |
| ၉ | ဦးသန်းထွန်း | တမူး | ခမိတ် | ၅.၄.၂၀၀၇ | စိုက်ပျိုးရေး | ၂၀၀ | ၃၅ | ၁၆၅ | ၁၆၅ |
| ၁၀ | ဦးစိုးအေး | တမူး | ခမိတ် | ၁၁.၃.၂၀၁၀ | စိုက်ပျိုးရေး | ၁၀၀ | ၅၀ | ၅၀ | ၅၀ |
| ၁၁ | ဦးကျော်ဒွန်း | တမူး | ခမိတ် | ၃.၅.၂၀၁၁ | စိုက်ပျိုးရေး | ၅၀ | ၁၅ | ၃၅ | ၃၅ |
| ၁၂ | နေသူရိန်ဟန် | တမူး | ပွတ်သာ | ၁၅.၂.၂၀၁၁ | စိုက်ပျိုးရေး | ၁၅၀၀ | - | ၁၅၀၀ | ၁၅၀၀ |
| ၁၃ | နေသူရိန်ဟန် | တမူး | အလှော် | ၁၅.၂.၂၀၁၁ | စိုက်ပျိုးရေး | ၃၅၀၀ | ၅၀၀ | ၃၀၀၀ | ၃၀၀၀ |
| ၁၄ | ဦးသီဟအောင် | တမူး | ဝိတုတ် | ၂၀.၇.၂၀၀၄ | စိုက်ပျိုးရေး | ၁၃၆၅ | - | ၁၃၆၅ | ၁၃၆၅ |
| ၁၅ | ဦးဒေဝရာနန်း | တမူး | မြို့မ | ၃၀.၅.၂၀၁၁ | စိုက်ပျိုးရေး | ၈၅၀ | - | ၈၅၀ | ၈၅၀ |
| ၁၆ | ဦးမြင့်ကို | တမူး | မလူ | ၁၁.၆.၂၀၁၀ | စိုက်ပျိုးရေး | ၁၀၀ | - | ၁၀၀ | ၁၀၀ |
| ၁၇ | ဦးဝမ်းအောင်ဇံ | တမူး | မလူ | ၁၁.၆.၂၀၁၀ | စိုက်ပျိုးရေး | ၁၀၀ | - | ၁၀၀ | ၁၀၀ |


မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဗဟိုအဖွဲ့၏ စည်းကမ်းချက်များပြပုံ (ဏ-၁)


စည်းကမ်းချက်များ

| | |
|---|---|
| ပထမနှစ် | ( ၂၀,၀၅၈ ) |
| ဒုတိယနှစ် | ( ၆၀,၀၅၈ ) |
| တတိယနှစ် | ( ၆၀,၀၅၈ ) |
| စတုတ္ထနှစ် | ( ၆၀,၀၀၈ ) |

၆။ ခွင့်ပြုထားသည့် မြေကိုအဖွဲ့၏ ခွင့်ပြုချက် မရရှိဘဲ ပေါင်နှံခြင်း၊ ရောင်းချခြင်း၊ အခြား နည်းဖြင့်လွှဲပြောင်းခြင်း သို့တည်းမဟုတ် ခွဲစိတ်ခြင်း မပြုရ။

အကျိုးတူခွဲဝေမှု ကတိစာချုပ်ပြပုံ (ဏ-၂)


REVENUE STAMP

K 200

အကျိုးတူခွဲဝေမှုကတိစာချုပ်

ရက်စွဲ၊ ၉. ၂. ၂၀၁၇

မြေကွက်၏အလေးအလာ

| | | |
|---|---|---|
| အရှေ့လားသော် | - | လုပ်ကိုင်ခွင့်ရရှိထားသည့်နယ်နိမိတ်အဆုံး |
| အနောက်လားသော် | - | ကလေး-တမူးကားလမ်း(အကျယ် ၂၅၀ပေ) |
| တောင်လားသော် | - | ချောင်း |
| မြောက်လားသော် | - | ဦးသန်းထွန်း၏လုပ်ကိုင်ခွင့်ရမြေ |

ခွဲဝေစွန့်လွှတ်ပေးအပ်သူ — လက်ခံရယူလုပ်ကိုင်သူ

ဝင်းဦး

၅/ယမပ(နိုင်)၀၀၀၅၇၈

**အချိန်၊ ၁၁း၂၉။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)မှ ဦးကျော်ဆွေ ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၁း၂၉။**

**ဦးကျော်ဆွေ၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)**။ ။ လေးစားအပ်တဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေလို့ ဦးစွာပထမ ဂါရဝပြုနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)က ဦးကျော်ဆွေ ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)က ဦးမျိုးဝင်း ရဲ့ အဆိုကို အကြံပြုထောက်ခံဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်တဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ကြီးများခင်ဗျား။ ကျွန်တော်ရဲ့ မဲဆန္ဒနယ်မြေကတော့ မြိုင်မြို့နယ်နဲ့ ပေါက်မြို့နယ်၊ ကျေးလက်မြို့ငယ်များဖြစ်တော့ လယ်ယာမြေနဲ့ပတ်သက်လို့ စည်းမဲ့ကမ်းမဲ့ အကွက်ဖော်ရောင်းစားတာတွေ အလွန်အမင်း ပြောရဆိုရလောက်အောင် မရှိလှပါဘူးခင်ဗျား။ သို့သော်လည်းပဲ ကျွန်တော်တို့ မြို့အဝင်အထွက် လမ်းဘေးဝဲယာတွေမှာတော့ ကျေးလက်ရွာအစွန်တွေမှာဆိုလို့ရှိရင် မြေကွက်တွေ အပေါ်မှာ နေထိုင်ကြ၊ ဈေးဆိုင်တွေဖွင့်ကြ ဒီလိုတော့ တွေ့ရပါတယ်။ ကျွန်တော်တို့ မြို့နယ်စည်ပင်သာယာရေးကော်မတီတို့ ဘာတို့ ဆိုတာလည်းပဲ မြို့ဖွံ့ဖြိုးတိုးတက်ရေးကို ကြိုးကြိုးစားစားနဲ့ ဆောင်ရွက်တဲ့အနေအထားမှာ ကျွန်တော်တို့ မြို့နယ်မှာကတော့ ဒီလိုပဲ တွေ့ရပါတယ်။ အဲဒီမှာ အကွက်တွေ ရောင်းကြဝယ်ကြ ဝယ်နေကြတာဟာ မြေယာဥပဒေနဲ့ ညီလား၊ မညီလားဆိုတဲ့ကိစ္စ မသိကြတာက များပါတယ်။ မသိတဲ့ ပြဿနာများပါတယ်။ ကျွန်တော်တို့ နယ်မြို့တွေမှာဆိုလို့ရှိရင် အများညီ ဤ ကွဲဖြစ်ပြီး အမှားကြာတော့ အမှန်ဖြစ်ဆိုသလိုဖြစ်နေတဲ့ အနေအထားမျိုးပါ။ တာဝန်ရှိတဲ့ လူတွေအနေနဲ့တော့ ဥပဒေနဲ့မညီတာကို လုပ်နေတဲ့အတွက် နှိပ်စက်တဲ့အသုံးဆိုး ဒီလိုအသုံးဆိုးတွေကတော့ ကျွန်တော်တို့ မြို့နယ်အနေအထားမှာတော့ မကြားရပါဘူး။ သို့သော်လည်းပဲ တာဝန်ရှိသူများဟာ ဥပဒေနဲ့မညီတာကို ခွင့်ပြုထားတာဟာလည်းပဲ တာဝန်မဲ့မှု၊ ပေါ့လျော့မှုတော့ ဖြစ်နေတာကတော့ အမှန်ပါပဲ။

လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ ကိုယ့်သဘောနဲ့ကိုယ် အကွက်ရိုက် အရောင်းအဝယ်လုပ်နေကြတဲ့အခါမှာ စနစ်ကျတဲ့ အိမ်ဝိုင်းကွက်များလည်းပဲ မဟုတ်ပါဘူး။ လမ်းရယ်လို့လည်းပဲ စနစ်တကျ မပါ ပါဘူး။ Public နဲ့ ဆိုင်တဲ့ အများနဲ့ပတ်သက်တဲ့ မြေကွက်အလွတ်ရယ်လို့လည်းပဲ မပါပါဘူး။ နောင်ရေရှည်မှာဆို့လို့ရှိရင် သွားရေးလာရေးလည်း ခက်ခဲမှာဖြစ်ပါတယ်။ မီးရေး၊ ထင်းရေး အတွက်လည်းပဲ အခက်အခဲတွေကြုံကြပြီးတော့ မြို့နဲ့တူတဲ့ အင်္ဂါရပ်မျိုးတွေလည်းပဲ မဖြစ်ဘဲနဲ့ စနစ်မကျတဲ့ အနေအထားမျိုးတွေပဲ တွေ့ရမှာများပါတယ်။

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်မဲဆန္ဒနယ်မြေမှာဆိုလို့ရှိရင် တောင်သူအချို့နှင့် စကားပြောကြည့်တဲ့အခါကျတော့ သူတို့တောင်သူလယ်သမားတွေဟာ ကိုယ်လုပ်တဲ့ မြေယာ

တွေကို ခင်တွယ်ပါတယ်။ ဒါပေမဲ့ သူတို့မှာ ရာသီဥတု နှိပ်စက်ရင်လည်းပဲ ရှုံးကြရပါတယ်။ မျိုးစရိတ်၊ လုပ်အားခ ဒီလိုနဲ့ သူတို့လည်းပဲ စိုက်သမျှရှုံးနေရတဲ့ အနေအထားမျိုး ဖြစ်ပါတယ်။ အဲဒီတော့ နိုင်ငံတော်အနေနဲ့ သူတို့ တောင်သူတွေကို နည်းပညာအထောက်အကူပေးဖို့၊ စိုက်ပျိုးရေရရှိဖို့ နှစ်တို နှစ်ရှည်ချေးငွေတွေကို လုံလောက်အောင် ချေးပေးဖို့ အဲလိုမှ ပံ့ပိုးကူညီမှုမပေးဘူးဆိုရင် သူတို့ စိုက်တိုင်းရှုံးနေကျတဲ့အခါကျတော့ သူတို့မြေယာတွေကို ထိန်းသိမ်းဖို့ရာအတွက်လည်းပဲ အခက်အခဲရှိကြောင်း ပြောကြပါတယ်။

လေးစားအပ်တဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ မြေယာဥပဒေဟာ တောင်သူလယ်သမားတွေက မိမိလုပ်ကိုင်နေတဲ့မြေကို ရောင်းချခွင့်ရှိတယ်ဆိုပေမယ်လို့ နည်းဥပဒေအရ လွှဲပြောင်းရောင်းချလို့ တရားဝင်စာချုပ်ချုပ်ဆိုပြီး ရောင်းလို့လည်း မရပါဘူး။ လုပ်ပိုင်ခွင့်ပုံစံ(၇)ကိုလည်း အမည်ပြောင်းလို့ မရပါဘူး။ သို့သော်လည်းပဲ ဒီလို မရပေမယ်လို့ မြေပြင်မှာကတော့ ရောင်းဝယ်နေကြတာပါပဲ။ ဒါကိုကြည့်လို့ရှိရင် ဥပဒေတွေ၊ နည်းဥပဒေတွေ၊ ညွှန်ကြားချက်တွေဟာ မြေပြင်နဲ့လက်တွေ့ ကွာဟနေတဲ့ဟာတွေ တွေ့ရပါတယ်။ မြေယာကို ဝယ်ယူပြီးတော့ အခြားနည်းနဲ့ အသုံးချလိုသူတွေနဲ့ တွေ့တဲ့အခါမှာဆိုလို့ရှိရင်လည်းပဲ သူတို့အခက်အခဲကို တင်ပြကြပါတယ်။ မြေယာဥပဒေတွေ၊ နည်းဥပဒေတွေ၊ ညွှန်ကြားချက်တွေအရ လုပ်ရကိုင်ရ ခက်ခဲနေတယ်ဆိုပေမယ့်လို့လည်း မြေအကွက်ရိုက်တာတွေ၊ ဆီဆိုင်တွေကျတော့လည်းပဲ လမ်းဘေးမှာ ပေါ်နေပြန်တယ်။ ဒါကျတော့ ဘယ်လိုခွင့်ပြုသလဲဆိုတဲ့ကိစ္စက မေးခွန်းထုတ်စရာလို ဖြစ်နေတယ်။ လက်တွေ့လုပ်ဆောင်ကြတဲ့သူတွေကို လေ့လာတဲ့အခါကျတော့လည်းပဲ ဒီလိုခွင့်ပြုမိန့်တွေရဖို့ဆိုလို့ရှိရင် ထောက်ခံချက်အမျိုးမျိုး တောင်းရတာ ဘယ်နေရာမှ အဆင်မပြေဘူး။ ချောဆီမှာ မထည့်ဘူးဆိုလို့ရှိရင် ဒီလိုခွင့်ပြုမိန့်တွေကလည်းပဲ မရဘူးဆိုတဲ့ သူတို့ရဲ့အခက်အခဲတွေကိုလည်း တင်ပြကြပါတယ်။ ဒါတွေကို ကြည့်လို့ရှိရင် ဦးမျိုးဝင်း အဆိုအရ ထိရောက်စွာ ထိန်းညှိပေးမယ့် အစီအမံတစ်ခု လိုနေတာကတော့ အမှန်ပါပဲ ခင်ဗျား။

လေးစားအပ်တဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ထိန်းညှိဆောင်ရွက်တဲ့အခါမှာ ကျွန်တော်တို့ ပြည်သူအားလုံး စိတ်ချမ်းသာတဲ့ လမ်းကြောင်းမျိုးကို ရွေးချယ်ဆောင်ရွက်သင့်ပါတယ်။ တောင်သူလယ်သမားတွေရဲ့ အခွင့်အရေးကို ကြည့်သလို အခြားနည်းအသုံးပြုချင်တဲ့ လူတွေရဲ့ ဥပဒေနဲ့အညီ သုံးစွဲခွင့်ရအောင်လည်း စဥ်းစားပေးသင့်ပါတယ်။ ဥပဒေစည်းကမ်းများဟာလည်းပဲ ပြည်သူလူထု လိုက်နာနိုင်အောင်၊ လိုက်နာချင်အောင် ရေးဆွဲတာ၊ ပြဌာန်းတာ၊ ညွှန်ကြားတာမျိုး ဒါမျိုးပဲ ဖြစ်သင့်ပါတယ်။ အရေးယူဖို့ဆိုတဲ့ ရှုထောင့်တစ်ခုတည်းက မကြည့်ဘဲနဲ့ လူထုရဲ့ လိုအင်ဆန္ဒနဲ့ လိုက်လျော ညီထွေအောင်လည်း ဝိုင်းဝန်းစဥ်းစားပေးဖို့ လိုပါတယ်ခင်ဗျား။

စိုက်ပျိုးမြေလျော့ပါးမှုကို စိုးရိမ်တဲ့အခါကျတော့ စိုက်ပျိုးရေးထက် ပိုမိုအကျိုးရှိမယ့် အလုပ်တွေကို လုပ်ချင်တဲ့လူတွေအတွက် အခက်အခဲကြုံရတာလည်း တွေ့ရပါတယ်။ ပြည်သူတွေဟာ သူတို့ သန်ရာသန်ရာ စိတ်ကူးအမျိုးမျိုးနဲ့ လုပ်ကိုင်နေကြတာပါ။ မြေကြီးဟာ စိုက်ပျိုးရေးတွင်မကဘဲနဲ့ ကျန်တဲ့လုပ်ငန်းတွေလည်း လုပ်ကိုင်ဖို့ လိုအပ်ပါတယ်။ အဓိကကတော့ မြေကြီးပေါ်မှာ အကျိုးရှိအောင်လုပ်ဖို့ အရေးကြီးတယ်လို့ ကျွန်တော့်အနေနဲ့တော့ မြင်မိပါတယ်။ တိုးပွားလာတဲ့ လူဦးရေနဲ့ လိုက်လျောညီထွေဖြစ်အောင် မြို့ကွက်တွေ စနစ်တကျရိုက်ပေးတာမျိုး ဒါမျိုးတွေလည်းပဲ လုပ်သင့်

ပါတယ်။ ဒီဘက်ခေတ်မှာကတော့ အဲဒီလိုလုပ်တဲ့အပိုင်းက နည်းပါတယ်။ ဟိုဘက်ခေတ်တွေမှာ ဆိုလို့ရှိရင်တော့ ဒီလို အကွက်ရိုက်တာတွေရှိပေမယ့်လို့ ဒီဘက်မှာဆိုလို့ရှိရင် ကိုယ့်သဘောတွေနဲ့ ကိုယ် လုပ်ကိုင်ပြီးတော့ အကွက်ဖော်နေကြတာ များပါတယ်။

ထိန်းညှိဆောင်ရွက်တဲ့အခါမှာ ပြည်သူပြည်သားများရဲ့ စိတ်ခံစားမှုကိုလည်းပဲ ထည့်သွင်းစဉ်းစားပြီးတော့ တောင်သူလယ်သမားတွေ စိတ်ချမ်းသာလို့ လွတ်လပ်စွာ သူတို့ လုပ်ကိုင်ခွင့်တွေ၊ ဆုံးဖြတ်ခွင့်တွေ အများကြီးရစေချင်ပါတယ်။ အခြားနည်းသုံးစွဲလိုသူများကိုလည်း ဥပဒေနဲ့အညီ စိတ်ချမ်းသာ ကိုယ်ချမ်းသာနဲ့ လုပ်ကိုင်ခွင့်ရအောင် ချောမောအောင် ကူညီတဲ့အစီအစဉ်မျိုးတွေလည်း လိုအပ်ပါတယ်။ တာဝန်ရှိသူများကလည်း မြေလွတ် မြေရိုင်းများကို ဖော်ထုတ်ပြီး စိုက်ပျိုးမြေတိုးပွားရေးကို ဆောင်ရွက်မယ်ဆိုလို့ရှိရင် အခက်အခဲတွေက အဆင်ပြေသွားမှာ ဖြစ်ပါတယ်။ ဘာပဲဖြစ်နေနေ ကျွန်တော်တို့နိုင်ငံမှာ စည်းနဲ့ကမ်းနဲ့ ဖွံ့ဖြိုးတိုးတက်အောင်ကတော့ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၈) ဦးမျိုးဝင်း ပြောသလို ကျွန်တော်တို့ စည်းကမ်းတကျလုပ်နိုင်အောင် ထိန်းညှိပေးသင့်ပါတယ်လို့ အကြံပြုရင်းနဲ့ နိဂုံးချုပ်အပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၁း၃၆။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးအေးမင်းဟန် ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၁း၃၆။**

**ဦးအေးမင်းဟန်၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)။** ။ လေးစားရပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးအေးမင်းဟန် ဖြစ်ပါတယ်။ ကျွန်တော့်အနေဖြင့် မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)က ဦးမျိုးဝင်း ရဲ့ ပြည်ထောင်စုအစိုးရအားတိုက်တွန်းကြောင်းအဆိုကို ဖြည့်စွက်ထောက်ခံဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

အဆိုရှင် ပြောသွားသလိုပါပဲ။ မြန်မာနိုင်ငံရှိ မြို့ပြနှင့် ကျေးရွာများ၌ ထိစပ်နေတဲ့ လယ်မြေ၊ ဥယျာဉ်ခြံမြေတွေသာမက မြို့များရှိ မြို့မြေ၊ ကျေးလက်ဒေသရှိ ယာမြေ၊ သစ်တောမြေ၊ စားကျက်မြေ၊ မြေလွတ်၊ မြေရိုင်း၊ ကိုင်းကျွန်းမြေတွေမှာ အကွက်ချ ခြံစည်းရိုးရိုက်ခတ်ခြင်း၊ နေအိမ်ဆောက်ခြင်းများကို ပြုလုပ်လာခဲ့တာ မြေလွတ်မြေများပျောက်ဆုံးကုန်ခြင်းနှင့် လယ်ယာမြေ၊ ဥယျာဉ်ခြံမြေများ လျော့နည်းလာခြင်းတို့ကို နိုင်ငံတစ်ဝန်းလုံးရှိ နေရာဒေသတိုင်းမှာ ဖြစ်ပေါ်လျက်ရှိပါတယ်။ ယခုလို ဖြစ်ပေါ်လာရခြင်းသည် တာဝန်ရှိအစိုးရအဖွဲ့များ၏ အရေးယူမှုလျော့ရဲခြင်း၊ (ကော်သုံးကော်)၏ လုပ်ဆောင်မှုလျော့ရဲခြင်း၊ အဂတိတရားမကင်းခြင်းနှင့် မတော်လောဘသမားများနှင့် အောက်ခြေဝန်ထမ်းများ ပူးပေါင်းကြံစည်လုပ်ဆောင်မှုတို့ကြောင့် ဖြစ်ပါတယ်။

ဒါ့အပြင် လယ်မြေ၊ ဥယျာဉ်ခြံမြေများသာမက မြို့မြေ၊ စားကျက်မြေ၊ ကိုင်းကျွန်းမြေ စသည်ဖြင့် အခြားမြေများတွေမှာပါ အကွက်ချ ခြံစည်းရိုးခတ်ခြင်းများ လုပ်ဆောင်နေတဲ့အတွက် မြေအားလုံးကို လွှမ်းခြုံနိုင်ရန် အရှေ့က ကိုယ်စားလှယ်တချို့ ဆွေးနွေးသွားတဲ့အတိုင်း လယ်မြေ၊ ဥယျာဉ်ခြံမြေနဲ့ အခြားမြေများကို အဆိုမှာ ဖြည့်စွက်လိုပါတယ်။ ယခုလို စည်းကမ်းမဲ့စွာ လယ်မြေ၊ ယာမြေနဲ့ ချောင်း

မြောင်းများပေါ်မှာပါ မြေဖို့ခြင်း၊ ခြံစည်းရိုးခတ်ခြင်း၊ နေအိမ်များ ဆောက်လုပ်ခြင်းများကြောင့် ရာသီဥတု ဖောက်ပြန်၍ မိုးသည်းထန်စွာ ရွာသွန်းပြီးချိန်များတွင် ရေမြောင်းများပိတ်နေသည့်အတွက် ရေကြီး ရေလျှံမှုများ ဖြစ်ပေါ်လာပါတယ်။ အဆိုရှင် ပြောသွားသည့် လယ်မြေ၊ ဥယျာဉ်ခြံမြေများတွင် အကွက်ချ ရောင်းချခြင်းများသည် လူဦးရေထူထပ်သည့် မြေဈေးနှုန်းမြင့်မားတဲ့ မြို့ကြီးများတွေမှာ ပိုမို လုပ်ဆောင် လာတာကို တွေ့ရှိရပါတယ်။ ကျွန်တော့်၏ မြို့နယ်ဖြစ်တဲ့ မော်လမြိုင်မြို့နယ်မှာဆိုရင် ယခုလို လယ်မြေ၊ ဥယျာဉ်ခြံမြေနှင့် အခြားမြေများပေါ်တွင် အကွက်ရိုက်ရောင်းစားမှုများကို နေရာအနှံ့ တွေ့ရှိ နေရမှာဖြစ်ပါတယ်။

Power Point သုံးစွဲခွင့်ပြုရန် ဥက္ကဋ္ဌကြီးအား လေးစားစွာ တောင်းဆိုအပ်ပါတယ်ခင်ဗျား။ ဒါကတော့ ကျွန်တော့်မဲဆန္ဒနယ် မော်လမြိုင်မြို့၊ ငန်းတေးရပ်ကွက်ရှိ လယ်မြေများပေါ်မှာ ခြံကွက် ရိုက်၍ တိုက်စိုက်ရန် မြေတူးထားတဲ့ပုံများ ဖြစ်ပါတယ်။ ဒါကတော့ ကော့စိန်ကျေးရွာ ကိုင်းကျွန်း မြေများတွင် ကျေးရွာအုပ်ချုပ်ရေးမှူးမှ တစ်ကွက်လျှင် ကျပ်တစ်သိန်းဖြင့် အကွက်ရိုက် ရောင်းစား ထားတဲ့ မြေကွက်တွေမှာ ကျေးရွာနေပြည်သူတွေ နေအိမ်များဆောက်လုပ်နေထိုင်ကြတာကို ကျွန်တော် ကိုယ်တိုင်တွေ့ရှိခဲ့တာ ဖြစ်ပါတယ်။ ဒီပုံကတော့ ကတိုးကျေးရွာရှိ အုပ်ချုပ်ရေးမှူးမှ အကွက်ရိုက် ရောင်းချပေးတဲ့ လယ်မြေတွေပေါ်မှာ နေအိမ်များ ဆောက်လုပ်ထားခြင်းဖြစ်ပါတယ်။

ဒီပုံကတော့ မော်လမြိုင်မြို့၊ လှိုင်ရပ်ကွက်(လှိုင်ရှမ်းစုရပ်ကွက်)ရှိ လယ်မြေများကို သူဌေး တစ်ဦးမှ ဝယ်ယူပြီး အများပြည်သူကို ပြန်လည်ရောင်းချရန်အတွက် အကွက်ရိုက်ထားတဲ့ပုံတွေ ဖြစ်ပါတယ်။ ဒါကတော့ အကွက်ရိုက်ရောင်းထားတဲ့ လယ်ကွက်တွေအပေါ်မှာ ဝယ်ယူထားသူများ အုတ်တံတိုင်းခတ် အခိုင်အမာ ကာရံခြင်း၊ အိမ်ဆောက်ထားခြင်းတို့ ဖြစ်ပါတယ်။ ဒီပုံကတော့ ကျွန်တော် ပြောထားတဲ့ လယ်ကွက်တွေပေါ်မှာ မြေဖို့ထားခြင်းအပြင် ချောင်းမြောင်းများကိုပါ မြေဖို့ထားတာကို Google Map ကနေ မြင်နေရတာဖြစ်ပါတယ်။ ရေမြောင်းကိုပါ မြေဖို့ထားခြင်းဖြစ်တဲ့အတွက် ရေမြောင်းကိုတောင် သေချာမမြင် ရတော့ပါဘူး။ ဒီပုံကတော့ ယခုလို မြေကွက်ရိုက် ရောင်းစားနေ ခြင်းကို ပြည်နယ်အစိုးရ ဝန်ကြီးချုပ်ထံ ကျွန်တော်ကိုယ်တိုင်လက်မှတ်ထိုး တိုင်ကြားထားတဲ့စာ ဖြစ်ပါတယ်။

ယင်းစာကြောင့် ပြည်နယ်အစိုးရမှ မြေကွက်ရိုက်ရောင်းစားနေတာကို ရပ်တန့်ရန် အမိန့်စာ ထုတ်ခဲ့ပါတယ်။ ဒါပေမယ့်လည်း လယ်မြေနှင့် ရေမြောင်းများပေါ်မှာ ဆောက်ထားတဲ့အိမ်များ ဆောက်လုပ်ထားခြင်းနှင့် ခြံစည်းရိုးကာရံထားခြင်း၊ မြေဖို့ထားမှုတို့ဖယ်ရှားရန် ညွှန်ကြားခြင်း၊ မြေကွက်ရိုက် ရောင်းစားသူများ၊ မြေကွက်ဝယ်ယူသူများကို ငွေပြန်အမ်းရန် ညွှန်ကြားခြင်း၊ ဥပဒေမဲ့ မြေကွက်ရိုက် ရောင်းချသူများကို ဖမ်းဆီးထောင်ချခြင်း၊ ပူးပေါင်းလုပ်ဆောင်သည့် ဌာနဆိုင်ရာ ဝန်ထမ်းများကို စစ်ဆေးခြင်း၊ အပြစ်ပေးအရေးယူခြင်းတို့ကို မပြုလုပ်ခဲ့သည့်အတွက် ယခုအချိန်အထိ နေအိမ်ဆောက်လုပ်ခြင်း၊ ခြံစည်းရိုးကာရံခြင်းများကို လုပ်ဆောင်နေကြတုန်းဖြစ်ပါတယ်။

ဒီ့အပြင် ရေမြောင်းများအပေါ်မြေဖို့ထားခြင်းကို ဖယ်ရှား၊ ရှင်းလင်းခိုင်းမှုမရှိခြင်းကြောင့် အားလုံးသိကြမှာပါ။ တလောက မော်လမြိုင်မြို့မှာ မိုးသည်းထန်စွာ ရွာသွန်းတဲ့အခါမှာ ရေမြောင်း များပိတ်ဆို့ပြီး လှိုင်ရပ်ကွက်(လှိုင်ရှမ်းစုရပ်ကွက်)တစ်ခုလုံးရေလွှမ်းမိုးခဲ့ပြီး အများပြည်သူများ ဒုက္ခ

ပင်လယ်ဝေခဲ့ရပါတယ်။ ဥပဒေမဲ့ လုပ်ဆောင်တဲ့ တစ်ဦးတစ်ယောက်ကို အရေးယူမှုမပြုဘဲ ငံ့ညှာခဲ့သည့်အတွက် ရပ်ကွက် ပြည်သူအားလုံး ဒုက္ခရောက်ခဲ့ရပါတယ်။ ဒါ ဒီပုံကတော့ လှိုင်ရပ်ကွက် (လှိုင်ရှမ်းစုရပ်ကွက်) ရေကြီးနေတဲ့ပုံ ဖြစ်ပါတယ်။

၂၀၁၂ ခုနှစ်က ထုတ်ပြန်ခဲ့တဲ့ လယ်ယာမြေဥပဒေ အခန်း(၄)၊ လယ်ယာမြေလုပ်ပိုင်ခွင့်ရရှိသူလိုက်နာရမည့် စည်းကမ်းချက်များအထဲမှာက ပုဒ်မ(ဆ)မှာ လယ်ယာမြေကို ခွင့်ပြုမိန့်မရှိဘဲ အခြားနည်းသုံးစွဲခြင်း မပြုရဆိုတာ ပါရှိပါတယ်။ ယခုလိုမျိုး မြေကွက်ရိုက်ရောင်းစား အခြားနည်းလမ်းသုံးစွဲပြီး စည်းကမ်းချက်များကို လိုက်နာရန် ပျက်ကွက်ခဲ့မယ်ဆိုလို့ရှိရင် အခန်း(၇)မှာ ဖော်ပြထားတာကတော့ ဒဏ်ကြေးပေးဆောင်ခြင်း၊ သတ်မှတ်နည်းလမ်းအတိုင်း လယ်ယာမြေများကို လုပ်ဆောင်စေခြင်း၊ လယ်ယာမြေပေါ်မှ နှင်ထုတ်ခြင်းများ၊ နှင်ထုတ်သင့်သူများကို နှင်ထုတ်ခြင်း၊ လယ်ယာမြေပေါ်တွင် ခွင့်ပြုချက်မရှိဘဲ ဆောက်လုပ်ထားသော အဆောက်အအုံများကို ဖယ်ရှားခြင်းတို့ကိုလည်း လုပ်ဆောင်ရန် အမိန့်ထုတ်ရပါမယ်။ Power Point မှာလည်း ပြထားတာဖြစ်ပါတယ်။

အမိန့်ညွှန်ကြားမှုများကို မလိုက်နာလျှင် တရားရုံးမှာ တရားစွဲဆိုရပါမယ်။ တရားစွဲဆိုလို့ ပြစ်မှုထင်ရှားလျှင် ထောင်ဒဏ်(၆)လ မှ (၂)နှစ်အထိ ချမှတ်နိုင်တဲ့အပြင် အနည်းဆုံးကျပ်(၃)သိန်းမှ အများဆုံး ကျပ်(၅)သိန်းအထိ ချမှတ်နိုင်တယ်လို့ အခန်း(၁၂)၊ ပြစ်မှုပြစ်ဒဏ်များ အခန်းရဲ့ ပုဒ်မ ၃၅ မှာ အတိအလင်း ဖော်ပြထားပြီးဖြစ်ပါတယ်။ ဒါပေမယ့်လည်း ပြည်နယ်အစိုးရအဖွဲ့ရော အဆိုမှာပါတဲ့ (ကော်သုံးကော်)လျော့ရဲနေပြီး ဥပဒေအတိုင်း လုပ်ဆောင်ခြင်းမရှိတော့ တရားဥပဒေစိုးမိုးမှုကင်းမဲ့ပြီး တစ်မြို့လုံးနီးပါး မြေကွက်ရိုက် ရောင်းချနေမှုများရှိကြောင်းကို ပြည်သူလူထုမှ ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်တွေကို မကြာခဏဆိုသလို လာရောက်တိုင်တန်းနေကြပါတယ်။

ဒါကြောင့် ယခုလို လျော့တိလျော့ရဲ လုပ်ဆောင်နေတဲ့ မမြင်ချင်ယောင်ဆောင်နေတဲ့ အောက်ခြေမှ သက်ဆိုင်ရာ ရပ်ကွက်/ကျေးရွာ အုပ်ချုပ်ရေးမှူးများ၊ မြေတိုင်းစာရေးများ၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ စာရေးများအပါအဝင် မြို့နယ်အုပ်ချုပ်ရေးမှူးခေါင်းဆောင်တဲ့ (ကော်သုံးကော်) မှ တာဝန်ရှိသူများကို ထိထိရောက်ရောက် အရေးယူမှုများ ပြုလုပ်ရပါမယ်။ တစ်ဖက်ကလည်း မြေယာကိစ္စရပ်များကို ထိထိရောက်ရောက်၊ ကြိုးကြိုးစားစား ဖော်ထုတ်ကိုင်တွယ် ဆောင်ရွက်ပေးသည့် အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိဝန်ထမ်းများ ရှိကောင်းရှိခဲ့လို့ရှိရင်လည်း ရာထူးတိုးပေးတာတို့၊ ထိုက်ထိုက်တန်တန် ဆုငွေများ ပေးအပ်ချီးမြှင့်တာတို့ လုပ်ဆောင်ဖို့ လိုပါမယ်။ အသိအမှတ်ပြုမှု ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ရုံလောက်နဲ့ ဘယ်သူမှ ထိထိရောက်ရောက် ဆောင်ရွက်ချင်မှာ မဟုတ်ပါဘူး။ ပီတိကိုစား အားရှိဆိုတဲ့ ဆိုရိုးစကားက ဆိုရ၊ ရွတ်ရတာသာ ကောင်းတာပါ။ ဝမ်းမဝပါဘူး။ ဌာနတိုင်းမှာ ဆုပေး၊ ဒဏ်ပေး စနစ်ဆိုတာ ရှိရမယ်။ အဂတိကို တိုက်ဖျက်ချင်ရင် ပြစ်ဒဏ်ပေးရုံနဲ့တော့ မလုံလောက်ပါဘူး။ ဝန်ထမ်း တွေကို ဝမ်းဝအောင် ကျွေးဖို့လည်း လိုအပ်ပါတယ်။ ဝမ်းမဝရင်တော့ လမ်းဟောင်းအတိုင်း ဝန်ထမ်းများ ပြန်လိုက်သွားပါမယ်။ အဲဒီအခါမှာ တိုင်းပြည်က ပိုနစ်နာမယ်။ ဘာကြောင့်ဆိုရင် ဝန်ထမ်းတွေ လာဘ်စားတာက လခချီးမြှင့်ငွေတို့ထက် အဆမတန်ပိုများနေပြီး သူဌေးဖြစ် ကြံစည်နေကြခြင်းကြောင့် တိုင်းပြည် ဘဏ္ဍာလည်း ပိုပြီးဆုံးရှုံးပါတယ်။

ကျွန်တော်ရဲ့ မဲဆန္ဒနယ်မြေမှာ မြေတိုင်းစာရေးတစ်ယောက်ဆိုလို့ရှိရင် ဘယ်လောက်တောင် စားထားလဲမသိဘူး။ ကျပ်သိန်း(၃၀၀)တန်ကားတောင် ဝယ်စီးနိုင်တာပဲကြည့်ပါတော့ ပြင်ဦးလွင်က လွှတ်တော်ကိုယ်စားလှယ်တစ်ယောက် ပြောပါတယ်။ သူရဲ့ မဲဆန္ဒနယ်က မြေစာရင်းဌာနက ဝန်ထမ်းတွေ ဆိုလို့ရှိရင် ဟိုတယ်တွေတောင် ပိုင်တယ်လို့ပြောလာပါတယ်။ ယခုလည်း ပြည်သူတွေ ပြောနေကြပါ တယ်။ ဝန်ထမ်းတွေ အဂတိလိုက်စားမှုတွေရှိတုန်း၊ တချို့ဌာနတွေရောက်သွားရင် မထူးပါဘူးကွာ ပိုက်ဆံတွေ ပေးနေရတုန်းဆိုတဲ့ စကားတွေကြားနေရပါတယ်။ ကျွန်တော်တို့တိုင်းပြည်မှာ အမှန်တကယ် အဂတိတရားကင်းချင်ရင်တော့ ကော်မတီဝင်တွေ၊ ဝန်ထမ်းတွေကို ကိုင်တွယ်တဲ့အခါမှာ ပြည်ထောင်စု ဝန်ကြီးများနှင့် ဝန်ကြီးချုပ်များအနေဖြင့် ရေမြွေလို မကျင့်ဘဲ၊ မြွေဟောက်လိုပြုကျင့်ကြပါလို့ တိုက်တွန်းပြောကြားရင်း မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)မှ ဦးမျိုးဝင်း အဆိုကို လေးလေးနက်နက် ထောက်ခံလိုက်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

ကော့စိန်ကျေးရွာရှိ ကိုင်းကျွန်းမြေပေါ်တွင် နေအိမ်များ ဆောက်လုပ်နေထိုင်ခြင်းပြပုံ (တ)



လှိုင်ရပ်ကွက်ရှိ လယ်မြေများကို မြေကွက်ရိုက်ရောင်းချသူများထံမှ ဝယ်ယူထားသူများ ခြံစည်းရိုး ခတ်ခြင်း၊ နေအိမ်များ ဆောက်လုပ်နေထိုင်ခြင်းပြပုံ (တ-၁)



ချောင်းမြောင်းများ ပိတ်ဆို့သွားခြင်းကြောင့် မိုးကြီးသည့်အခါ လူနေရပ်ကွက်တစ်ခုလုံး ရေလွှမ်းသွားခြင်း မြင်ကွင်းပုံ (တ-၂)




**အချိန်၊ ၁၁း၄၃။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးရန် ကျန်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ်များ (၁၁)ရက်မြောက်နေ့ ၂၁-၈-၂၀၁၈(အင်္ဂါနေ့) အစည်းအဝေးတွင် ဆက်လက် ဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ဒုတိယအကြိမ် အမျိုးသားလွှတ်တော် နဝမပုံမှန်အစည်းအဝေး ဒသမနေ့ရပ်နားကြောင်းနှင့် (၁၁)ရက်မြောက်နေ့အစည်းအဝေး ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း**

**အချိန်၊ ၁၁း၄၃။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၁၁)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခု ဒုတိယအကြိမ် အမျိုးသားလွှတ်တော် နဝမပုံမှန်အစည်းအဝေး ဒသမနေ့ကို ရပ်နားပါမယ်။ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် နဝမပုံမှန်အစည်းအဝေး (၁၁)ရက်မြောက်နေ့ကို ၂၀၁၈ ခုနှစ်၊ ဩဂုတ်လ ၂၁ ရက်(အင်္ဂါနေ့) နံနက် ၁၀း၀၀ နာရီ အချိန်မှာ ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း ကြေညာပါတယ်။

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီ ခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံး ထွက်ခွာနိုင်ကြပါပြီ ခင်ဗျား။

[ဒုတိယအကြိမ် အမျိုးသားလွှတ်တော် နဝမပုံမှန်အစည်းအဝေး ဒသမနေ့ကို ၁၁း၄၃ နာရီအချိန်တွင် ရပ်နားပါသည်။]